# သံပုံနှင့် ဓမ္မသီချင်းစာအုပ်သစ်

# The New Hymns and Tunes Book

~ အသင်းတော်အတွင်းကန့်သတ်ထုတ်ဝေသည် ~

# မာတိကာ Table of Contents


၂၃း ကိုယ်တော်ကိုချီးမွမ်းကြလော့ကျူး ........ 1

Praise Him! Praise Him! ........ 1

၂၃(က)း ဘယ်မျှကြီးမြတ်တော်မူသည်ကျူး ........ 2

How Great Thou Art ........ 2

၂၆း အနန္တတန်ခိုးရှင်ချီးမြှောက်ကျူး ........ 3

Come Thou Almighty King ........ 3

၃၈း သန့်ရှင်းတော်မူခြင်းကျူး ........ 4

Holy, Holy, Lord God Almighty ........ 4

၄၁း မင်္ဂလာဆုကျူး ........ 5

Come, Thou fount of every blessing ........ 5

၅၆း ခမည်းတော်ကမ္ဘာကျူး ........ 6

This is My Father’s World ........ 6

၆၆း ဘုရားသခင်အားဘုန်းကြီးစေသောကျူး ........ 7

To God be the Glory ........ 7

၇၂း ယေရှုကြွလာတော်မူကျူး ........ 9

Joy to the world, the Lord is come ........ 9

၇၄း နားထောင်ကောင်းကင်သားကြွေးကြော် ........ 10

Hark! the herald angels sing ........ 10

၁၀၁း မြတ်လုနာမကျူး ........ 11

Take the name of Jesus with you ........ 11

၁၀၄း အသွေးတော်ကျူး ........................................................................ 13
There is a fountain filled with blood................................................................ 13
၁၀၇း သရဖူများတင်ကြကျူး .................................................................... 15
Crown Him with many Crowns .................................................................. 15
၁၁၉း ယေရှုအသွေးတော်ကျူး.................................................................... 16
What can wash away my sin? ..................................................................... 16
၁၂၅း ဝေးလှသောတောင်ကုန်းပေါ်ထူထားသောတိုင်တော်ကျူး....................................... 17
The old Rugged Cross .................................................................................. 17
၁၅၇း လာလိုသူတိုင်းလာနိုင်ခြင်းကျူး ..................................................... 18
Whosoever will! .......................................................................................... 18
၁၅၈း ယုံကြည်ပါကျူး................................................................................. 19
Only trust Him ............................................................................................. 19
၁၆၅း သက်တာမုန်တိုင်းလှိုင်းထစဉ်ခါကျူး ................................................. 20
Jesus calls us O'er the tumult ..................................................................... 20
၁၆၇း မြဲတည်ကျောက်ကျူး ........................................................................ 21
Rock of Ages, Cleft for me........................................................................... 21
၁၇၁း သာ၍နီးအံ့ငှာဆွဲတော်မူပါကျူး........................................................... 22
Draw me nearer ........................................................................................... 22
၁၈၀း ယေရှုကျွန်ုပ်လာသည်ကျူး ............................................................. 23
Jesus I come................................................................................................. 23
၁၈၃း ကရာနီကုန်းပေါ်သွန်းကျူး ............................................................. 24
I hear Thy welcome voice............................................................................. 24

၁၉၆း မိတ်ဆွေယေရှုကျူး ........................................................................ 25

What a friend we have in Jesus.................................................................. 25

၁၉၈း ကိုယ်တော်နှင့်နီးစေပါကျူး..................................................................... 26

Nearer, my God to Thee ........................................................................... 26

၂၀၀း ကိုယ်တော်ကိုလိုပါ၏ကျူး ...................................................................... 27

I need Thee every hour............................................................................ 27

၂၀၂း လွန်မသွားပါနှင့်ကျူး ............................................................................ 29

Pass me not ........................................................................................... 29

၂၁၂း ယေရှုရှင်ဖို့အသက်ရှင်ကျူး ...................................................................... 30

Living for Jesus........................................................................................ 30

၂၁၅း ရှိသမျှစွန့်ခြင်းကျူး.............................................................................. 32

All to Jesus I surrender ............................................................................ 32

၂၂၂း အိုယေရှု၊ကျွန်ုပ်ကတိရှိပြီကျူး ................................................................. 34

O Jesus, I have promised .......................................................................... 34

၂၂၄း အလိုတော်ရှိရာပြုတော်မူပါကျူး ............................................................... 35

Have Thine own way, Lord ......................................................................... 35

၂၂၅း ကိုယ်တော်အားဆက်ကပ်ပူဇော်ခြင်းကျူး...................................................... 36

Consecration .......................................................................................... 36

၂၂၈း သစ္စာနှင့်စောင့်နေကျူး .......................................................................... 37

Will Jesus find us watching ........................................................................ 37

၂၃၂း သင်ဖို့ငါအသက်ပေးကျူး......................................................................... 38

I gave my life for Thee.............................................................................. 38

၂၃၃း ကိုယ်တော်အားအကောင်းဆုံးကိုပေးပါကျူး ... 39

Give of your best to the Master ... 39

၂၃၅း ကိုးစား၍နားထောင်သီချင်း ... 40

Trust and obey ... 40

၂၅၁း ကယ်တင်ရှင်၊ သိုးထိန်းလိုလမ်းပြကျူး ... 41

Saviour, Like a Shepherd Lead Us ... 41

၂၅၄း လမ်းတလျှောက်လုံးကျူး ... 42

All the way ... 42

၂၅၅း ယုံကြည်ခြင်းသည်အောင်မြင်ခြင်းတည်း ... 43

Faith is the Victory ... 43

၂၆၀း အပွမေယျမေတ္တာတော်ကျူး ... 44

Love divine all love excelling ... 44

၂၇၄း ကျောက်မြဲကျူး ... 45

My hope is built on nothing less ... 45

၂၇၆း သူတော်ကောင်းများခိုင်ခံ့ခြင်းကျူး ... 46

Faith of Our Fathers ... 46

၂၇၈း ယေရှုကိုယုံကြည်ခြင်းကျူး ... 47

Trusting Jesus ... 47

၂၈၈း ကတိတော်၌တည်နေခြင်းကျူး ... 48

Standing on the Promises ... 48

၃၀၉း သာ၍မြင့်သောကုန်းပေါ်မှာကျူး ... 49

Higher Ground ... 49

၃၅၇း ကောက်လှိုင်းများကိုဆောင်ယူခြင်းကျူး ............................................................ 50
Sowing in the morning, sowing seeds of kindness................................................ 50
၃၆၆း တပည့်တော်အချင်းချင်းချစ်ခြင်းကျူး .................................................................. 51
Blest be the tie that binds.......................................................................... 51

# ၂၃။ ကိုယ်တော်ကိုချီးမွမ်းကြလော့ကျူး

## Praise Him! Praise Him!

ဆာ ၁၄၆း၂

ချီးမွမ်း၊ ချီးမွမ်း၊ ကျွန်ုပ်တို့၏ ကယ်တင်ပိုင်ရှင်၊ လူအပေါင်းတို့
မေတ္တာတော်ကိုကြွေးကြော်၊ ဘုန်းအာနုဘော် ကိုယ်တော်၌ ရှိစေသတည်းဟု၊
ကောင်းကင်တမန် မင်းများတို့၊ ပြောကြားလော့။ သိုးထိန်းကဲ့သို့ ယေရှုသည်
သူငယ်များကို၊ တနေ့လုံးလက်တော်နှင့် ပွေ့လျက်ဆောင်၏။ ချီးမွမ်း၊
ချီးမွမ်း၊ ဂုဏ်သရေ အကြောင်းကိုပြောပါ၊ ချီးမွမ်း၊ ချီးမွမ်း၊ စဉ်မပြတ်သီချင်းဆို။

ချီးမွမ်း၊ ချီးမွမ်း၊ ကျွန်ုပ်တို့၏ ကယ်တင်ပိုင်ရှင်၊ ကိုယ်တော်မြတ်သည်၊
လက်ဝါးကပ်တိုင်ပေါ်မှာ၊ ကျွန်ုပ်တို့ အပြစ်များကြောင့် ခံထိုက်သောဒဏ်ပင်၊
ခံတော်မူပြီ၊ အမှန်ကယ်တော်မူ၏။ ကျွန်ုပ်တို့၏ ဝမ်းနည်းခြင်း
ဆောင်တော်မူပြီ၊ မေတ္တာတော်ကို ချီးမွမ်း၍ မကုန်ပါ၊ ချီးမွမ်း၊
ချီးမွမ်း၊ ဂုဏ်သရေ အကြောင်းကိုပြောပါ၊ ချီးမွမ်း၊ ချီးမွမ်း၊ စဉ်မပြတ်သီချင်းဆို။

ချီးမွမ်း၊ ချီးမွမ်း၊ ကျွန်ုပ်တို့၏ ကယ်တင်ပိုင်ရှင်၊ ကောင်းကင်ဘုံမှာ၊
နာမ တော်ချီးမွမ်းကြ၊ သခင်ယေရှု စဉ်မပြတ် အုပ်စိုးတော်မူမည်၊
သရဖူကို ခေါင်းတော်ပေါ်မှာဆောင်း၏။ ကိုယ်တော်ကြွလာ၊ ရန်သူတို့
ကိုအောင်ခြင်းငှါ ဘုန်းတန်ခိုး၊ ကိုယ်တော်၌ ရှိစေသတည်း။ ချီးမွမ်း၊
ချီးမွမ်း၊ ဂုဏ်သရေ အကြောင်းကိုပြောပါ၊ ချီးမွမ်း၊ ချီးမွမ်း၊ စဉ်မပြတ်သီချင်းဆို။

ၜ

# ၂၃(က)း ဘယ်မျှကြီးမြတ်တော်မူသည်ကျူး

## How Great Thou Art

အိုဘဘုရား စိတ်လှုပ်ရှား အံ့ဖွယ်ရာများ ကမ္ဘာဆက်ဆက်

လက်တော်ဖြင့် ဖန်ဆင်းသည် ကောင်းကင်ကြယ်နှင့် ထစ်ချုန်းသော မိုးကြိုးသံလည်း

တန်ခိုးတော်၏ သက်သေများ ဖြစ်ကြ၏။

အို ငါ့ဝိညာဉ် ကယ်တင်ရှင်အား ချီးမွမ်း ဘယ်မျှကြီးမြတ် ဘယ်မျှမြတ်သည်

အို ငါ့ဝိညာဉ် ကယ်တင်ရှင်အား ချီးမွမ်း ကြီးမြတ်တော်မူ ကြီးမြတ်မူသည်။

တောတောင်များတွင် လှည့်လည်ဖြတ်သွား ကြစဉ်ခါ ငှက်များပျော်မွေ့

ချီးမွမ်း သီဆိုသံကြား တောင်ထိပ်ပေါ်က သာယာရှုခင်း ကြည့်စဉ်ခါ

ရေစီးချောင်းနှင့် လေပြေတိုက်ခတ် လာသည်။

အို ငါ့ဝိညာဉ် ကယ်တင်ရှင်အား ချီးမွမ်း ဘယ်မျှကြီးမြတ် ဘယ်မျှမြတ်သည်

အို ငါ့ဝိညာဉ် ကယ်တင်ရှင်အား ချီးမွမ်း ကြီးမြတ်တော်မူ ကြီးမြတ်မူသည်။

အိုကယ်တင်ရှင် သားတော်ကို နမြောခြင်းကင်း အသေခံရန်

စေလွှတ်သော ရှင်ဖြစ်သည် လက်ဝါးကပ်တိုင် ကျွန်ုပ်ပြစ်မှား ဖြေလွှတ်ရန်

ပြစ်ဝန်ထုပ်ကို ကိုယ်တော်တိုင် ထမ်းဆောင်သည်။

အို ငါ့ဝိညာဉ် ကယ်တင်ရှင်အား ချီးမွမ်း ဘယ်မျှကြီးမြတ် ဘယ်မျှမြတ်သည်

အို ငါ့ဝိညာဉ် ကယ်တင်ရှင်အား ချီးမွမ်း ကြီးမြတ်တော်မူ ကြီးမြတ်မူသည်။

ကြွေးကြော်သံဖြင့် ခရစ်တော်ကြွလာသောခါ၊ စိတ်နှလုံးတွင် ပျော်ရွှင်ခြင်း ပြည့်စုံလေ။

ပျပ်ဝပ်ကိုးကွယ် ကြည်ညို နှမ့်ချသောစိတ်ဖြင့်၊ ကြွေးကြော်မည်ကား ကြီးမြတ်တော်မူကြောင်းတည်း။

ဿ

# ၂၆။ အနန္တတန်ခိုးရှင်ချီးမြှောက်ကျူး

## Come Thou Almighty King

၁ ယော ၅း၇

တန်ခိုး အနန္တရှင်၊ ကြွလာ၊ မဟာဘုရင်၊
နာမ တော်အား၊ ကျွန်ုပ်တို့ ချီးမွမ်းရ၊ မစတော်
မူ အဘ၊ အောင်မြင် ဘုန်းနှင့်တကွ၊ စိုးစံမူပါ။

ကျွန်ုပ်တို့ ယေရှုရှင်၊ အကွယ်အကာ ကြွဆင်း၊
မလဲ အံ့ဘွာ၊ ရန်သူတို့ လက်ထဲက လွတ်မည် အ
ကြောင်း ကယ်မ၊ ကိုယ်တော်သာ မှီတွယ်ရာ၊ နာယူမူပါ။

နှုတ် ကပတ်တော် ကြွလာ၊ ကျွန်ုပ်တို့ ပတ္တနာ
နားညောင်းတော်မူ၊ ကိုယ်တော်၏ လူအပေါင်းတရား အ
ကျိုးမြင်အောင် ကောင်းချီးများစွာ သွန်းလောင်း၊ ဆင်းသက်တော်မူ။

အို ဥပဒ္ဒျာယ် ဆရာ၊ သက်သေတော် ခံခြင်းဌာ၊
ကြွပါ၊ ယခု၊ တန်ခိုး ခပ်သိမ်းရှိသော မဟာမြတ်
ဝိညာဉ်တော် အကျွန်ုပ်တို့ အပေါ် အုပ်စိုးခြင်းပြု။

သုံးပါး တဆူဘုရား၊ ကိုယ်တော် အရှင်မြတ်အား
ချစ်ခင် မှီဝဲ၊ အထက်ဘုံ၌ ဖူးမြော်၊ တန်ခိုး ဘုန်း
အာနုဘော်၊ ရှိတော်မူ ပါစေသော၊ အစဉ်အမြဲ။

၍



↑ မာတိကာ Table of contents

# ၃၈။ သန့်ရှင်းတော်မူခြင်းကျူး

## Holy, Holy, Lord God Almighty

ဗျာ ၄း၈

သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ အနန္တတန်ခိုးမင်း၊ နံနက်စောစော
ကိုယ်တော်မြတ်ကို ချီးမွမ်းအေးကျူးမည်။ သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊
စွမ်းကြီး ကရုဏာရှင်၊ သုံးပါး တစ်ဆူတည်းသော ဘုရားသခင်။

သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ ကောင်းကင်သား အပေါင်းတို့၊ ပလ္လင်တော်ရှေ့
သရဖူကို ချလျက် ကိုးကွယ်ကြ၊ ကောင်းကင် တမန်တရပ်
ရှေ့တော်၌ ပျပ်ဝပ်သည်၊ ပြောင်းလဲခြင်း ကင်းသော ထာဝရဘုရား။

သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ မှောင်မိုက်ခြင်းဖြင့် ကွယ်လျှင်၊ ပြစ်ရှိသော လူ
မျိုးသည် ဘုန်းတော်ကို မမြင်နိုင်ရာ၊ ကိုယ်တော်သာလျှင် သန့်ရှင်း၊
အတုမဲ့ ဘုရင်မင်း၊ မေတ္တာ ဖြူစင်ခြင်း တန်ခိုးစုံလင်ပါ။

သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ အနန္တတန်ခိုးမင်း၊ ကောင်းကင်မြေကြီး
ပင်လယ်၌ ဖန်ဆင်းသော အရာများ၊ ချီးမွမ်း အေးကျူးနေသည်၊
အို ကရုဏာ တော်ရှင်၊ သုံးပါး တဆူတည်း မင်္ဂလာဘုရား။

ဢ

# ၄၁း မင်္ဂလာဆုကျူး

## Come, Thou fount of every blessing

၁ ရာ ၇း၂၁

မင်္ဂလာဆုပေါင်း ဖြစ်ပွါးရာ၊ ယေရှုရှင်၊ မ တော်မူပါ။

နေ့ရက်တိုင်း ခံရာဆုကျေးဇူး။ နေ့ရက်တိုင်း ချီးမွမ်းလိုမူ။

ကောင်းကင်ဘုံသား ကျူးသောလင်္ကာ၊ တုပြိုင်လျက် ချီးမွမ်းလိုပါ။

မေတ္တာတော်တိုင်းထက် လွန်ကြီးပေ၊ မေတ္တာပင် ပြန်ပို့လိုလေ။

ခုတိုင်အောင် မစတော်မူလို၊ ဧဗနေဇာ ထူထောင်လို။

မ စ တော်မူ ကျေးဇူးကြောင့်ပေ။ ရွှေပြည်တော် ငါစောင့်စားလေ။

လမ်းလွဲလျက် ဘေးရောက်လုသောခါ၊ ယေရှုရှင် ငါ့ကိုလိုက်ရှာ။

ငါ့သက်ကို ကယ်တော် မူလိုငှာ၊ သက်တော်မြတ် စွန့်လေတကား။

ကျေးဇူးတော်သည် ထူးမြတ်လွန်လေ၊ ကျေးဇူးတော် အောက်မေ့လိုပေ။

ကျေးဇူးရှင်၊ ထိုကျေးဇူးအားဖြင့် ကျွန်ုပ်စိတ်ကို နှောင်စေချင်။

မှားမိလွန်းလို့၊ စိတ်ပျက်လုပါ၊ ချစ်ဖွယ်ရှင် ကယ် မ သနား၊

ကျွန်ုပ်စိတ်ကို ယူတော်မူလျှင်၊ ကောင်းကင်ဘုံက ပြင်ပါရှင်။

# ၅၆။ ခမည်းတော်ကမ္ဘာကျူး

## This is My Father's World

ဆာ ၈၉း၁၁-၁၈

ခမည်းတော်ကမ္ဘာပင်၊ ကျွန်ုပ်နားထောင်နေစဉ်၊
ကမ္ဘာတန်ဆာအပေါင်းတို့သည်၊ သီချင်းကျူးအေးသံမြည်။
ခမည်းတော်ကမ္ဘာပင်၊ ကျောက်ဆောင်၊ သစ်ပင်၊ ကောင်းကင်၊
ရေပြင်တို့ကြောင့် ဖန်ဆင်းတော်မူခြင်း၊ ကျွန်ုပ်ကောန်မှန် သိမြင်။

ခမည်းတော်ကမ္ဘာပင်၊ ကောင်းကင်ငှက် ကျူးအေးခြင်း၊
နံနက်ရောင်ခြည်နှင့် နှင်းပန်းများ၊ ကျေးဇူးတော် ချီးမွမ်းကြ။
ခမည်းတော်ကမ္ဘာပင်၊ သာယာခြင်းကို တွေ့မြင်၊
လူပ်ရှားမြက်ပင်၊ ကိုယ်တော်လျှောက်ခြင်းထင်၊ ခပ်သိမ်းနေရာ သံတော်ကြား။

ခမည်းတော်ကမ္ဘာပင်၊ ဘယ်ခါမျှ မမေ့ချင်၊
အမှားသည်ထကြွ တတ်သော်လည်း၊ ကိုယ်တော် အုပ်စိုးသေးသည်။
ခမည်းတော်ကမ္ဘာတည်း၊ ဘယ်ကြောင့် ဝမ်းနည်းရနည်း၊
ကိုယ်တော်သည် ဘုရင်ဖြစ်လျက်အုပ်စိုး၊ ကောင်းကင်မြေကြီး သီချင်းဆို။

ၓ



↑ မာတိကာ Table of contents

# ၆၆း ဘုရားသခင်အားဘုန်းကြီးစေသောကျူး

## To God be the Glory

ဆာ ၂၉း၂

ဘုရားမြတ် သခင်အား ဘုန်းကြီး စေသတည်း၊
လောကကို ချစ်သောကြောင့် သားတော်ကို စွန့်ပြီ၊
ပြစ်ဖြေလွှတ် ဆေးကြောရန် သက်တော်မြတ် စွန့်ရာ၊
လူတိုင်းတို့ ဝင်စေရန် သက်တံခါး ဖွင့်ထား။
ချီးမွမ်းလော့၊ ချီးမွမ်းလော့၊ လောက သံတော် ကြားစေ။
ချီးမွမ်းလော့၊ ချီးမွမ်းလော့၊ လူတို့ ဝမ်းမြောက်ကြစေ၊
သားတော်ဖြင့် အဘထံတော်မြတ် ဝင်ကြပါ၊
ပြုထား မဟာမှုကြောင့် ဘုန်းတော် ထင်ရှားစေ။

သွေးတော်ဖြင့် ဝယ်သော ကယ်တင်ခြင်း ပြည့်စုံလှ၊
ယုံကြည်သူ တိုင်းဘို့ ကတိတော် လာသည်ကား၊
ဆိုးယုတ်ဆုံး ပြစ်မှားသူ အမှန်ယုံကြည်လျှင်၊
ထိုခဏချင်းတွင် ပြစ်လွှတ်ခြင်းကို သိမြင်။
ချီးမွမ်းလော့၊ ချီးမွမ်းလော့၊ လောက သံတော် ကြားစေ။
ချီးမွမ်းလော့၊ ချီးမွမ်းလော့၊ လူတို့ ဝမ်းမြောက်ကြစေ၊
သားတော်ဖြင့် အဘထံတော်မြတ် ဝင်ကြပါ၊
ပြုထား မဟာမှုကြောင့် ဘုန်းတော် ထင်ရှားစေ။

ကြီးသောမှု သင်ပေးပြီ၊ ကြီးသောမှု ပြုပြီ၊

သားတော်မြတ်ကြောင့် ငါတို့ ဝမ်းမြောက်ခြင်း ကြီး၏၊

သို့သော် ယေရှုရှင်ကို ဖူးတွေ့ရသောခါ၊

အံ့သြ ဝမ်းမြောက်ခြင်းသာ၍ ကြီးမည်မှန်ပါ။

ချီးမွမ်းလော့၊ ချီးမွမ်းလော့၊ လောက သံတော် ကြားစေ။

ချီးမွမ်းလော့၊ ချီးမွမ်းလော့၊ လူတို့ ဝမ်းမြောက်ကြစေ၊

သားတော်ဖြင့် အဘထံတော်မြတ် ဝင်ကြပါ၊

ပြုထား မဟာမှုကြောင့် ဘုန်းတော် ထင်ရှားစေ။ကိုယ်တော်သည်

ဘုရင်ဖြစ်လျက်အုပ်စိုး၊ ကောင်းကင်မြေကြီး သီချင်းဆို။

ဆ

# ၇၂း ယေရှုကြွလာတော်မူကျူး

## Joy to the world, the Lord is come

ဟေရှာ ၉း၆

လောကဝမ်းမြောက် ဘုရားကြွလာ၊ မြေကြီးဘုရင်ခံယူ၊
နှလုံးခပ်သိမ်း နေရာပြင်ထား၊
ကမ္ဘာမြေ မိုးအေးကျူး၊ ကမ္ဘာမြေ မိုးအေး
ကျူး၊ ကမ္ဘာ၊ ကမ္ဘာမြေ မိုးအေးကျူး။

မြေကြီးဝမ်းမြောက်၊ ယေရှုစိုးစံ၊ လူများသီချင်းဆိုစေ။
လယ်ပြင် ပင်လယ်ကျောက်တောင်၊ အသံ
ပြန်၍ မြည်ကြကုန်လေ၊ ပြန်၍ မြည်ကြကုန်
လေ၊ ပြန်၍၊ ပြန်၍ မြည်ကြကုန်လေ။

နောက်နောင်အပြစ် ဒုက္ခမပွား၊ ဆူးပင် မနှောင့်ယှက်ပြီ၊
အ မင်္ဂလာမှ မင်္ဂလာ၊
ထုတ်ဖော်အောင် ကြွလာသည်၊ ထုတ်ဖော်အောင် ကြွလာ
သည်၊ ထုတ်ဖော်၊ ထုတ်ဖော်အောင် ကြွလာသည်။

သမ္မာတရား ဆုကျေးဇူးဖြင့်၊ လောက အုပ်ချုပ်မူ၏။
မေတ္တာတော် ဘုန်းတန်ခိုးသန့်ရှင်း၊
လူတိုင်းကိုသိစေသည်၊ လူတိုင်းကိုသိစေ
သည်၊ လူတိုင်း၊ လူတိုင်းကို သိစေသည်။

# ၇၄။ နားထောင်ကောင်းကင်သားကြွေးကြော်

## Hark! the herald angels sing

လု ၂း၁၄

နားထောင် ကောင်းကင်သားကြွေးကြော်၊ ခုဖွားမြင် ဘုရင့်ဘုန်းတော်၊
ကမ္ဘာပေါ်တွင် ငြိမ်သက်စေ။ ကောင်းကင်ဘုံတွင် ဘုန်းကြီးစေ။
ပြစ်ရှိသူများ ချမ်းသာ၍ ဘုရားသခင်နှင့် ဆုံတွေ့၊
ဗက်လင်မြို့တွင် ကယ်တင်ရှင်၊ ဖွားမြင်ပြီ ငါတို့သခင်။
နားထောင် ကောင်းကင်သား ကြွေးကြော်၊ ခုဖွားမြင် ဘုရင့်ဘုန်းတော်။

ကောင်းကင်ဘုံသား တို့ဘုရင်၊ ထာဝရ ခရစ်တော်ရှင်၊
ချိန်တန်ကာလ ဆင်းသက်၍၊ ကညာဝမ်း၌ ကိန်းအောင်းလေ၊
လူ့ဇာတိ ကိုယ်တော်မြတ်ဆောင် ကယ်တင်အံ့ငှာ လူတို့ဘောင်
ဇေမာနွေလ ဆင်းသက်ပြီ၊ လူတို့တွင် တည်တော်မူမည်၊
နားထောင် ကောင်းကင်သား ကြွေးကြော်၊ ခုဖွားမြင် ဘုရင့်ဘုန်းတော်။

ကောင်းကင်ဖွား ငြိမ်သက်အရှင်၊ တရားမင်း ဘုန်းကြီးဘုရင်၊
အလင်းအသက် စည်းစိမ်မျိုး ဘေးဒဏ်ပေါင်း ကင်းရှင်းတန်ခိုး၊
ပေးပိုင်ရှင် သခင်မြတ်သည် လူ ထာဝရ သက်တည်ကြည်
ရစိမ့်သောငှါ ကောင်းကင်မှ ဆင်းသက် သည်းခံ ဖွားမြင်ရ။
နားထောင် ကောင်းကင်သား ကြွေးကြော်၊ ခုဖွားမြင် ဘုရင့်ဘုန်းတော်။

ဆ



↑ မာတိကာ Table of contents

# ၁၀၁း မြတ်လှနာမကျူး

## Take the name of Jesus with you

ဆာ ၇၂း၁၉

ယေရှု မြတ်နာမတော် ယူပါ၊ စိတ်ပင်ပန်း ဝန်လေးသောသူ၊
နှစ်သိမ့် ဝမ်းသာခြင်းကြောင့်ဖြစ်ရာ၊ သွားလေရာရာပါ ဆောင်ယူ။

Chorus

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ။
မြတ် နာမ ချိုသာလှ
မြတ်နာမ ချိုသာလှ မြေနှင့် ကောင်းကင် ရွှင်မြူးရာ။
မြတ် နာမ ချိုသာလှ

ယေရှု နာမ မြဲစွဲယူပါ၊ ဘေးရန်မျိုး အကွယ်အကာ။
သွေးဆောင်ခြင်းမှု နှောင့်ယှက်လာကာ နာမ တော်နှင့် ဆုတောင်းပါ။

Chorus

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ။
မြတ် နာမ ချိုသာလှ
မြတ်နာမ ချိုသာလှ မြေနှင့် ကောင်းကင် ရွှင်မြူးရာ။
မြတ် နာမ ချိုသာလှ

အို မြတ်လှရှင် ယေရှု နာမ၊ ဘယ်မျှ စိတ်ရွှင်လန်း စေသည်။
မေတ္တာလက်တော်နှင့် သိမ်းမူခါ၊ ထောမနာ သီချင်းဆိုမည်။

Chorus

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ။
မြတ် နာမ ချိုသာလှ
မြတ်နာမ ချိုသာလှ မြေနှင့် ကောင်းကင် ရွှင်မြူးရာ။
မြတ် နာမ ချိုသာလှ

လမ်းဆုံး ကောင်းကင်ဘုံသို့ ရောက်လျှင် မြတ်နာမ တော် သံကြား၍၊
ခြေတော်ရင်း၌ ဦးညွှတ်ချစဉ်၊ မင်းတကာမင်း ခေါ် မြှောက်မည်။

Chorus

မြတ်နာမ ချီးသာလှ၊ မြေနှင့်ကောင်းကင် ရှင်မြူးရာ။
မြတ် နာမ ချီးသာလှ
မြတ်နာမ ချီးသာလှ မြေနှင့် ကောင်းကင် ရှင်မြူးရာ။
မြတ် နာမ ချီးသာလှ

ဢ

# ၁၀၄း အသွေးတော်ကျူး

## There is a fountain filled with blood

ဇာ ၁၃း၁

အသွေးနှင့် ပြည့်သောတွင်း ပွင့်ပြီ၊ ဧမာနွေလ အသွေး၊ ထိုသွေးတော်၌ နှစ်
မြုပ်သူသည် အပြစ်နှင့် ကင်းစင်လေ။ အပြစ်နှင့် ကင်းစင်လေ။ အ
ပြစ်နှင့် ကင်းစင်လေ။ ထိုသွေးတော်၌ နှစ်မြုပ်သူသည် အပြစ်နှင့် ကင်းစင်လေ။

တိုင်၌ဆွဲသော ဓားပြသေစဉ်၊ ထိုတွင်းမြင်သော် ဝမ်းသာ၊ ငါပင်သူမျှဆိုး
ယုတ်သော်လည်း၊ အပြစ်မှ ကင်းရှင်းရာ။ အပြစ်မှ ကင်းရှင်းရာ။ အ
ပြစ်မှ ကင်းရှင်းရာ။ ငါပင်သူမျှ ဆိုးယုတ်သော်လည်း၊ အပြစ်မှ ကင်းရှင်းရာ။

သတ်ခြင်းခံသော၊ အို သိုးငယ်မြတ်၊ သွေးတော် တန်ခိုးမြဲတည်၊ ရွေးတော်အသင်း လုံး
စုံအချွတ်၊ အပြစ် ဖြေရှင်းတတ်၏။ အပြစ် ဖြေရှင်းတတ်၏။ အ
ပြစ် ဖြေရှင်းတတ်၏။ ရွေးတော်အသင်း လုံးစုံအချွတ်၊ အပြစ် ဖြေရှင်းတတ်၏။

ဒဏ်ရာတော်က အသွေးစီးယို၊ ကျွန်ုပ်မြင်စမှသည်၊ ရွေးနှုတ်မေတ္တာတော်
သီချင်းဆို၊ သေခြင်း တိုင်အောင်ဆိုမည်။ သေခြင်းတိုင်အောင်ဆိုမည်။
သေခြင်းတိုင်အောင်ဆိုမည်။ ရွေးနှုတ်မေတ္တာတော် သီချင်းကို၊ သေခြင်းတိုင်အောင်ဆိုမည်။

ထိုနောက်၊ ဤ လေးဆွံ့အ သောလျှာ၊ သင်္ချိုင်းတွင် တိတ်သော်လည်း၊ ကယ်တင်တန်ခိုး၊ ဂုဏ်
တော်အများ၊ မြင့်ကောင်းကင်၌ ဆိုမည်၊ မြင့်ကောင်းကင်၌ဆိုမည်၊ မြင့်
ကောင်းကင်၌ဆိုမည်၊ ကယ်တင်တန်ခိုး၊ ဂုဏ်တော်အများ၊ မြင့်ကောင်းကင်၌ ဆိုမည်။

သားတော်ယေရှု ကိုယ်တော်ရှင်မြတ်၊ မထိုက်သော ကျွန်ုပ်အား၊ သွေးတော်နှင့်ဝယ်၊ ရွှေ
စောင်း ဆုလာဘ်၊ ချပေးမူမည်၊ ယုံပါ။ ချပေးမူမည်၊ ယုံပါ။ ချ
ပေးမူမည်၊ ယုံပါ၊ သွေးတော်နှင့်ဝယ်၊ ရွှေစောင်း ဆုလာဘ်၊ ချပေးမူမည်၊ ယုံပါ။



↑ မာတိကာ Table of contents

ထိုစောင်း၊ ခမည်းတော် နားတော်မှာ၊ နှစ်စဉ် အဆုံးမရှိ၊ ကိုယ်တော် နာမကို တီးလိုင့်၊ တန်ခိုးတော်ပင် ညီ၏။ တန်ခိုးတော်ပင် ညီ၏။ တန် ခိုးတော်ပင် ညီ၏၊ ကိုယ်တော်နာမ ကို တီးလိုငှာ၊ တန်ခိုးတော်ပင်ညီ၏။

# ၁၀၇း သရဖူများတင်ကြကျူး

## Crown Him with many Crowns

ဗျာ ၁၉း၁၁-၁၆

သိုးသူငယ်တော် မြတ်အား၊ သရဖူ များတင်ကြ။
ပလ္လင်တော်ပေါ် စိုးစံရှင်အား၊ ကျေးဇူး ဂုဏ်တော်ချီးမွမ်း၊
နိုးလော့၊ အို ငါ့ဝိညာဉ်၊ သင့်တွက် သေခံရှင်အား၊
ကျေးဇူးတော်ကို ထောမနာ ပြု၊ ထာဝရ ချီးမွမ်းဆို။

မေတ္တာတော် ရှင်မြတ်အား၊ သရဖူများ ဆက်ကြ။
ကြည့်လော့၊ နံဘေး၊ လက်တော်ဒဏ်ရာ၊ ငါတို့အနာ ပျောက်ရ၊
ကြောက်မက်ဖွယ် ဝေဒနာ၊ ကောင်းကင်သား ထိတ်လန့်ကြ၊
နိမ့်ချစိတ်နှင့် သည်းခံခြင်းများ၊ နက်နဲလှ မေတ္တာပေ။

ထာဝရ ဘုရင်အား၊ သရဖူများ တင်ကြ။
ဖန်ဆင်း၊ ပြုပြင်တော်မူ ရှင်အား၊ မြင့်မြတ် ဂုဏ်တော် ချီးမြှင့်။
တန်ခိုး ဘုန်းအာနုဘော်၊ နှုတ်မြွက် မမှီနိုင်လေ၊
မေတ္တာ၊ ကယ်တင်၊ သက်ရှင်ဘုရား၊ ပြောင်းလဲခြင်းနှင့် ကင်းလေ။

# ၁၁၉း ယေရှုအသွေးတော်ကျူး

## What can wash away my sin?

ယေ ၉း၂၂

ငါ့အပြစ် စွန်းဆေးအံ့ငှါ၊ ရှင်ယေရှု အသွေး တတ်စွမ်းလေ။
ငါ့ကိုကျန်းမာ စိမ့်သောငှါ၊ ရှင်ယေရှု အသွေး တတ်စွမ်းလေ။
အို မြတ်လှ စီးသောသွေး၊ မိုးပွင့်လို ဖြူစင်စေ၊
ခြားစမ်းရေ ရှာမတွေ့၊ ရှင်ယေရှု အသွေးတတ်စွမ်းလေ။

ငါ့ကို စင်ကြယ်စေဖို့ရာ၊ ရှင်ယေရှု အသွေး တတ်စွမ်းလေ။
ငါ့အပြစ် ဖြေလွှတ်စိမ့်ငှါ၊ ရှင်ယေရှု အသွေး တတ်စွမ်းလေ။
အို မြတ်လှ စီးသောသွေး၊ မိုးပွင့်လို ဖြူစင်စေ၊
ခြားစမ်းရေ ရှာမတွေ့၊ ရှင်ယေရှု အသွေးတတ်စွမ်းလေ။

ငါ့အပြစ်တွက် ခံစေရန်၊ ရှင်ယေရှု အသွေး တတ်စွမ်းလေ။
ငါ့ကိုယ်စား ကုသိုလ်သွင်းရန်၊ ရှင်ယေရှု အသွေး တတ်စွမ်းလေ။
အို မြတ်လှ စီးသောသွေး၊ မိုးပွင့်လို ဖြူစင်စေ၊
ခြားစမ်းရေ ရှာမတွေ့၊ ရှင်ယေရှု အသွေးတတ်စွမ်းလေ။

ငါမျှော်လင့် စိတ်ငြိမ်စေရန်၊ ရှင်ယေရှု အသွေး တတ်စွမ်းလေ။
ငါဖြောင့်မတ်ခွင့် ရစေရန်၊ ရှင်ယေရှု အသွေး တတ်စွမ်းလေ။
အို မြတ်လှ စီးသောသွေး၊ မိုးပွင့်လို ဖြူစင်စေ၊
ခြားစမ်းရေ ရှာမတွေ့၊ ရှင်ယေရှု အသွေးတတ်စွမ်းလေ။

ဆ

# ၁၂၅။ ဝေးလှသောတောင်ကုန်းပေါ်ထူထားသောတိုင်တော်ကျူး

## The old Rugged Cross

ဟေ ၁၂း၂

ဝေးလှသော တောင်ကုန်းပေါ်၊ ထူထားသော တိုင်တော်သည်၊ ရှက်ကြောက်ဘွယ် ဒုက္ခ
ခံရာတိုင်တည်း။ ပြစ်လောကကို ကယ်ရန် သေခံရာ တိုင်တော်ကို
ကျွန်ုပ်သည် ထူးပင် ချစ်ခင်မြတ်နိုး။ တိုင်တော်ကို ကျွန်ုပ်သည် လေးမြတ်
မည်။ လေးမြတ်မည်။ လမ်းဆုံးမှာ အောင်ပန်းကို ချထားမည်။ ကျွန်ုပ်သည် မှီတွယ်
သော တိုင်တော်နှင့်၊ တိုင်တော်နှင့် သရဖူကို တနေ့ဖြင့် လဲချင်။

လောကလုံး ရွံရှာသောလက်ဝါး ကပ်တိုင်တော်၏ ဆွဲနိုင်သောတန်ခိုး
သည် အံ့ဘွယ်တည်း။ ထက်ကောင်းကင် ဘုန်းတော်ပင် သိုးသူငယ် စွန့်ပြီးကာ
သစ်တိုင်မှာ သေခံရန် ကြွဆင်းလာ။ တိုင်တော်ကို ကျွန်ုပ်သည် လေးမြတ်
မည်။ လေးမြတ်မည်။ လမ်းဆုံးမှာ အောင်ပန်းကို ချထားမည်။ ကျွန်ုပ်သည် မှီတွယ်
သော တိုင်တော်နှင့်၊ တိုင်တော်နှင့် သရဖူကို တနေ့ဖြင့် လဲချင်။

သွေးတော်နှင့် စွန်းကွက်သော လက်ဝါးကပ်တိုင် တော်သည် အံ့သြဘွယ် တင့်တယ်
လှပပေသည်။ ကျွန်ုပ်ကို ပြစ်လွှတ်လျက်၊ သန့်ရှင်း စင်ကြယ်စေရန်
ယေရှုရှင် ထိုတိုင်ပေါ်မှာ သေခံ။ တိုင်တော်ကို ကျွန်ုပ်သည် လေးမြတ်
မည်။ လေးမြတ်မည်။ လမ်းဆုံးမှာ အောင်ပန်းကို ချထားမည်။ ကျွန်ုပ်သည် မှီတွယ်
သော တိုင်တော်နှင့်၊ တိုင်တော်နှင့် သရဖူကို တနေ့ဖြင့် လဲချင်။

တိုင်တော်ကို ကျွန်ုပ်သည် စဉ်သစ္စာရှိပါမည်၊ ကဲ့ရဲ့ခြင်း၊ ပြစ်တင်
ခြင်းခံလိုသည်၊ ကောင်းကင်ဘုံစံရာ ကိုယ်တော်ရှင် ခေါ်သောခါ၊
ကိုယ်တော်နှင့်အတူ ဘုန်းတော်ဝင်စား။ တိုင်တော်ကို ကျွန်ုပ်သည် လေးမြတ်
မည်။ လေးမြတ်မည်။ လမ်းဆုံးမှာ အောင်ပန်းကို ချထားမည်။ ကျွန်ုပ်သည် မှီတွယ်
သော တိုင်တော်နှင့်၊ တိုင်တော်နှင့် သရဖူကို တနေ့ဖြင့် လဲချင်။

ဆ



↑ မာတိကာ Table of contents

# ၁၅၇။ လာလိုသူတိုင်းလာနိုင်ခြင်းကျူး

## Whosoever will!

ဗျာ ၂၂း၁၇

ကြားရသောသူတိုင်း၊ သတင်းတော်မြတ် လွှင့်ပါ၊ လောကတရှောက်လုံး မ
င်္ဂလာ သတင်းကြော်ငြာ၊ ဝမ်းမြောက်ဖွယ်သတင်း လူတိုင်းတို့အားကြွေးကြော်၊
လာလိုသူတိုင်း လာကြလော့။ လာလိုသောသူတိုင်း၊ လာနိုင်ကြောင်းကြွေးကြော်
တောင်ပေါ်တောင်ကြား၊ ထိုသတင်းတော်မြတ် လွှင့်လော့။ လမ်းလွှဲသောသူ
အား၊ ချစ်ဖခင် ခေါ်မူလေ၊ လာလိုသူတိုင်း လာနိုင်ပေ။

လာလိုသောသူတိုင်း ဆိုင်း၍ မနေလေရာ တံခါးသည် ပွင့်နေစဉ်၊
ဝင်လိုလျှင် ဝင်ပါ၊ ယေရှုရှင်သည် မှန်သော အသက်လမ်းဖြစ်ပေ၊
လာလိုသူတိုင်း လာနိုင်လေ။ လာလိုသောသူတိုင်း၊ လာနိုင်ကြောင်းကြွေးကြော်
တောင်ပေါ်တောင်ကြား၊ ထိုသတင်းတော်မြတ် လွှင့်လော့။ လမ်းလွှဲသောသူ
အား၊ ချစ်ဖခင် ခေါ်မူလေ၊ လာလိုသူတိုင်း လာနိုင်ပေ။

လာလိုသောသူဖို့ ကတိတော်မြတ် မြဲတည်၊ လာလိုသော သူသည် အ
စဉ် သည်းခံရမည်။ လာလိုသောသူ ထာဝရ အသက်ရချေ။
လာလိုသူတိုင်း လာနိုင်ပေ။ လာလိုသောသူတိုင်း၊ လာနိုင်ကြောင်းကြွေးကြော်
တောင်ပေါ်တောင်ကြား၊ ထိုသတင်းတော်မြတ် လွှင့်လော့။ လမ်းလွှဲသောသူ
အား၊ ချစ်ဖခင် ခေါ်မူလေ၊ လာလိုသူတိုင်း လာနိုင်ပေ။

ജ

# ၁၅၈။ ယုံကြည်ပါကျူး

## Only trust Him

မ ၁၁း၂၉

ပြစ်နိုပ်စက်ခြင်း ခံသူတိုင်းလာ၊ ကိုယ်တော် ကရုဏာရှိ။
မိန့်တော်မြတ်ကို ယုံကြည်မှုလျှင်၊ ငြိမ်းခြင်း အမှန်ရမည်။
ကိုယ်တော်မြတ်ကိုသာ ယုံကြည်ပါ။ ယခုယုံကြည်ပါ။
သင်၏အပြစ်မှ ကယ်ချွတ်မည်၊ ယခုကယ်ချွတ်မည်။

အပြစ်မှ ကယ်နုတ်မှုလိုငှါ၊ သွေးတော်မြတ် သွန်းမှုပြီ။
မိုးပွင့်ကဲ့သို့ ဖြူအောင်ဆေးလေ၊ သွေးတော်၌ နှစ်မြှုပ်ပါ။
ကိုယ်တော်မြတ်ကိုသာ ယုံကြည်ပါ။ ယခုယုံကြည်ပါ။
သင်၏အပြစ်မှ ကယ်ချွတ်မည်၊ ယခုကယ်ချွတ်မည်။

ယေရှု သမ္မာတရားလမ်းပေ၊ ငြိမ်သက်ခြင်းသို့ပို့ဆောင်။
ကိုယ်တော်ကို ယုံကြည်ဆိုင်းမ နေ၊ သင်သည်မင်္ဂလာရှိ။
ကိုယ်တော်မြတ်ကိုသာ ယုံကြည်ပါ။ ယခုယုံကြည်ပါ။
သင်၏အပြစ်မှ ကယ်ချွတ်မည်၊ ယခုကယ်ချွတ်မည်။

ဝင်ပါ၊ သန့်ရှင်းသူစည်းဝေးရာ၊ ဘုန်းတော်ခံရန်ချီတက်၊
ဝမ်းမြောက်ခြင်း အစဉ်ပြည့်စုံရာ၊ ကောင်းကင်အိမ်တွင် နေရန်။
ကိုယ်တော်မြတ်ကိုသာ ယုံကြည်ပါ။ ယခုယုံကြည်ပါ။
သင်၏အပြစ်မှ ကယ်ချွတ်မည်၊ ယခုကယ်ချွတ်မည်။



↑ မာတိကာ Table of contents

# ၁၆၅။ သက်တာမုန်တိုင်းလှိုင်းထစဉ်ခါကျူး

## Jesus calls us O'er the tumult

မ ၄း၁၉

သက်တာမုန်တိုင်း လှိုင်းထစဉ်ခါ၊ ယေရှု
ရှင်သည် ခေါ်နေ၏။ ငါ့တပည့်တို့၊ ငါ့နောက်
လိုက်လာ၊ ချိုသာလှစွာ ခေါ်နေသည်။

လောကီစည်းစိမ် လိုက်စားရာမှ၊ ယေရှု
ရှင်သည် ခေါ်နေ၏။ ငါ့တပည့်တို့၊ သာ၍
ချစ်ပါ၊ ကိုယ်တော်ရှင် မိန့်မြွက်နေသည်။

ဝမ်းနည်းဝမ်းမြောက် လုပ်ကိုင်ရာမှ၊ ယေရှု
ရှင်သည် ခေါ်သေး၏။ ငါ့တပည့်တို့ ခြားသူ
ထက်သာ ငါ့ကိုချစ်သလား မေး၏။

ကရုဏာနှင့် ခေါ်နေစဉ်ခါ၊ ခေါ်သံ
တော် ကြားပါရစေ။ ကိုယ်ကိုပူဇော်၊ စိတ်ကို
ဆက်သ၊ ချစ်လျက်နှင့် မှုတော်ဆောင်စေ။

ဆ

# ၁၆၇း မြဲတည်ကျောက်ကျူး

## Rock of Ages, Cleft for me

ဟေရှာ ၂၆း၄

မြဲတည်ကျောက်၊ ကျွန်ုပ်ဖို့ကွဲ၊ ခိုပါစေ၊ ကိုယ်တော်အထဲ၊
နံတော်ထဲက စီးရေသွေး၊ ပြစ်အနာကို ငြိမ်းစေရေ၊
ပြစ်ဖြေရှင်း နှလုံးဆေးကြော၊ ကုန်စင်ကယ်တင် ပါစေသော။

မျက်ရည်များ အစဉ်ယိုစေ၊ စိတ်အားကြီး မလျော့မရွေ့။
ဤမျှပင် အပြစ်မလွတ်၊ ကိုယ်တော်သာ သနားကယ်ချွတ်။
လက်တော်၌ အဖိုးမပါ၊ တိုင်တော်ရင်းသာ ချဉ်းကပ်ပါ။

ထွက်သက်ဝင်သက် ရှုစဉ်တွင်၊ စုတေ့လျှင်၊
မြင့်ရွှေဘုံသို့ ပြန်တက်ကြွ၊ ဖြူပလ္လင်တော် မြင်ရမှ၊
မြဲတည်ကျောက် ကျွန်ုပ်ဖို့ကွဲ၊ ခိုပါစေ၊ ကိုယ်တော်အထဲ။

# ၁၇၁း သာ၍နီးအံ့ငှာဆွဲတော်မူပါကျူး

## Draw me nearer

ဟေ ၁၀း၂၂

ခေါ်တော်မူသံကို ကျွန်ုပ်ကြားရပြီ။ ကိုယ်တော် ချစ်ကြောင်း
ကိုသိသည်။ ယုံကြည်ခြင်းဖြင့် ကိုယ်တော်မြတ်ထံ ပြန်တက်၊
ခြေတော်ရင်းမှာ နေလိုသည်။ ကိုယ်တော်သေခံ
ကားတိုင်တော်နားသို့ ကျွန်ုပ်သာ၍ နီးစေပါ။ သာ၍
နီးစေ၊ နီးစေ၊ နီးစေတော်မူလို၊ နီးစေပါ၊ ကိုယ်တော်အပါး။

ကိုယ်တော်မှုဆောင်ရန် ခွဲခန့်မှတ်သားပါ၊ ထူးဆန်း မေတ္တာ
တန်ခိုးဖြင့်၊ ကျွန်ုပ်၏ဝိညာဉ် မျှော်လင့်မြဲမြံစေ၊
လိုရာ ကိုယ်တော်၌ရှာချင်။ ကိုယ်တော်သေခံ
ကားတိုင်တော်နားသို့ ကျွန်ုပ်သာ၍ နီးစေပါ။ သာ၍
နီးစေ၊ နီးစေ၊ နီးစေတော်မူလို၊ နီးစေပါ၊ ကိုယ်တော်အပါး။

ကိုယ်တော်မြတ်ရှေ့တွင် ဆုတောင်းရခြင်းခွင့်၊ ပလ္လင်တော်နား
ချဉ်းကပ်ရာ၊ မိတ်ဆွေချင်းကဲ့သို့ တောင်းပန် ပြောဆိုခြင်း၊
ထူးလျှင် ကျွန်ုပ်နှစ်သက်လှ။ ကိုယ်တော်သေခံ
ကားတိုင်တော်နားသို့ ကျွန်ုပ်သာ၍ နီးစေပါ။ သာ၍
နီးစေ၊ နီးစေ၊ နီးစေတော်မူလို၊ နီးစေပါ၊ ကိုယ်တော်အပါး။

နက်နဲလှချစ်ခြင်း ကျွန်ုပ်သိနိုင်မည်၊ သေခြင်းမြစ်ကို
ကူးပြီးမှ၊ မြင့်လှသော ဝမ်းမြောက်ခြင်း ကျွန်ုပ်မှီမည်၊
ချမ်းသာဘုံ ဝင်စားသောခါ။ ကိုယ်တော်သေခံ
ကားတိုင်တော်နားသို့ ကျွန်ုပ်သာ၍ နီးစေပါ။ သာ၍
နီးစေ၊ နီးစေ၊ နီးစေတော်မူလို၊ နီးစေပါ၊ ကိုယ်တော်အပါး။



↑ မာတိကာ Table of contents

# ၁၈ဂး ယေရှုကျွန်ုပ်လာသည်ကျူး

## Jesus I come

ဆာ ၇၁း၄

ချည်နှောင်ခြင်းနှင့် ဝမ်းနည်းခြင်းထဲက ကိုယ်တော်ထံသို့ ကျွန်ုပ်လာသည်။
လွတ်လပ်ခြင်းနှင့် ဝမ်းသာခြင်းထဲသို့၊ ယေရှု၊ ကျွန်ုပ်လာပြီ။
ဤရောဂါက၊ ကျန်းမာခြင်းမြတ်သို့၊ ဆင်းရဲခြင်းမှ၊ ဝပြောခြင်းရဖို့
ဒုစရိုက်များက၊ ကိုယ်တော်ထံသို့၊ ယေရှု ကျွန်ုပ်လာပြီ။

အလွန်ရှက်ကြောက်ဖွယ် ဆုံးရှုံးခြင်းက၊ ကိုယ်တော်ထံသို့ ကျွန်ုပ်လာသည်။
တိုင်တော်ဖြင့် ရသောအောင်မြင်ခြင်းသို့၊ ယေရှု၊ ကျွန်ုပ်လာပြီ။
ခံရသော ဒုက္ခဝေဒနာမှ၊ ကိုယ်တော်၏ ငြိမ်သက် ဝမ်းသာခြင်းသို့။
ငိုကြွေးခြင်းမှ သီချင်းဆိုဖို့ရာ၊ ယေရှု ကျွန်ုပ်လာပြီ။

လောဘ၊ မာန၊ ထောင်လွှားခြင်းထဲမှ၊ ကိုယ်တော်ထံသို့ ကျွန်ုပ်လာသည်။
အလိုတော်ကို အစဉ်လိုက်ဘို့ရာ၊ ယေရှု၊ ကျွန်ုပ်လာပြီ။
ကျွန်ုပ်စိတ်ပျက်ခြင်း၊ အားလျော့ခြင်းမှ၊ ကိုယ်တော် မဟာ မေတ္တာတော်ထဲသို့၊
ချိုးငှက်ကဲ့သို့ ပျံတက်နေဖို့ရာ၊ ယေရှု ကျွန်ုပ်လာပြီ။

ကြောက်မက်ဘွယ်သော သင်္ချိုင်းတွင်းထဲက၊ ကိုယ်တော်ထံသို့ ကျွန်ုပ်လာသည်။
ကောင်းကင်အလင်း၊ သုခချမ်းသာသို့၊ ယေရှု၊ ကျွန်ုပ်လာပြီ။
တိုင်းမသိသော ပျက်စီးခြင်းထဲက၊ လုံခြုံစွာ ကိုယ်တော်၏ သိုးခြံမှာ၊
မျက်နှာတော်ကို ဖူးမျှော်နေဖို့ရာ၊ ယေရှု ကျွန်ုပ်လာပြီ။

ဿ



↑ မာတိကာ Table of contents

# ၁၈၃း ကရာနီကုန်းပေါ်သွန်းကျူး

## I hear Thy welcome voice

မ ၁၁း၂၈

ကရာနီကုန်းပေါ် သွန်းသော သွေးတော်ဖြင့် ဆေးကြောရန်၊
ကိုယ်တော်ရှင်မြတ်ထံသို့ ခေါ်သောသံတော် ကျွန်ုပ်ကြားရ။
ကိုယ်တော်ထံ လာသည်၊ ယခုပင် လာပြီ၊
သွန်းတော်မူသော သွေးတော်ဖြင့် ဆေးကြော စင်ကြယ်စေပါ။

အားနည်းယုတ်ညံ့ သော်လည်း ကိုယ်တော်အား တိုးစေပါ၊
ကိုယ်တော် ကျွန်ုပ်ပြစ် ဆေးကြောသည်၊ ဖြူစင်အောင် ပြုပါလေ။
ကိုယ်တော်ထံ လာသည်၊ ယခုပင် လာပြီ၊
သွန်းတော်မူသော သွေးတော်ဖြင့် ဆေးကြော စင်ကြယ်စေပါ။

ယေရှုရှင် ကိုယ်တော်သာ ပြုပြင်စောင့်မမူပေ၊
ကျေးဇူးတော် တပါးမှတပါး ထပ်ဆင့်ပေးတော်မူလေ။
ကိုယ်တော်ထံ လာသည်၊ ယခုပင် လာပြီ၊
သွန်းတော်မူသော သွေးတော်ဖြင့် ဆေးကြော စင်ကြယ်စေပါ။

ယုံကြည်၊ ချစ်ခင်သူကို ဝိညာဉ် သက်သေတော်ပေး၊
ကတိတော်မြတ် ပြည့်စုံစေဖို့၊ ယုံကြည်ခြင်းသာ ကုသိုလ်။
ကိုယ်တော်ထံ လာသည်၊ ယခုပင် လာပြီ၊
သွန်းတော်မူသော သွေးတော်ဖြင့် ဆေးကြော စင်ကြယ်စေပါ။

၍

# ၁၉၆။ မိတ်ဆွေယေရှုကျူး

## What a friend we have in Jesus

သု ၁၈း၂၄

ငါတို့ပြစ်နှင့် ဝမ်းနည်းခြင်းများ၊ ခံရန်မိတ်ဆွေ ယေရှုရှိ၊
ဆုတောင်းခြင်းဖြင့် ထံတော်ချဉ်းကပ်၊ ခွင့်သည်အံ့ဘွယ် ဖြစ်ပေ၏။
ငြိမ်သက်ခြင်းကို ကြိမ်ဖန်စွန့်ပစ်၊ မခံသင့် ဝန်ထမ်းခဲ့ပြီ။
ကိုယ်တော်ထံတွင် ဆုတောင်းခြင်းဖြင့်၊ မယူဆောင်ခြင်း ကြောင့်ဖြစ်သည်။

ငါတို့တွင် စုံစမ်းနှောင့်ရှက်ခြင်း၊ ဆင်းရဲဒုက္ခ ရှိသလား။
ဘယ်ခါမျှ စိတ်မပျက်စေရာ၊ ဆုတောင်းလျက် ထံတော်ချဉ်းပါ။
ဝမ်းနည်းခြင်းမျိုးခံ မိတ်ဆွေလို၊ သစ္စာရှိသူ တွေ့မည်လား။
ငါတို့အားနည်းခြင်း ယေရှုသိ၊ ဆုတောင်းလျက် ထံတော်ချဉ်းပါ။

ပင်ပန်းလှစွာ ဝန်ထုပ်လေး၍၊ အားနည်းလျက် ရှိကြသလား၊
ကယ်တင်ရှင် မှီခိုရာဖြစ်ပေ၊ ဆုတောင်းလျက် ထံတော်ချဉ်းပါ။
မိတ်ဆွေများ ရှုံ့ရှာစွန့်ပစ်လျှင်၊ ဆုတောင်းလျက် ထံတော်ချဉ်းပါ။
လက်တော်ဖြင့် ကွယ်ကာစောင့်မ မည်၊ ထိုမှာ နှစ်သိမ့်ရာကိုရှာ။

# ၁၉၈း ကိုယ်တော်နှင့်နီးစေပါကျူး

## Nearer, my God to Thee

ကိုယ်တော်နှင့် နီးစေပါ၊ ကျွန်ုပ်ဘုရား၊ ကားတိုင်ဖြင့်
မြှောက်သော်လည်း၊ ဤပတ္တာနာ။ အစဉ် လျှောက်ထားလိုပါ။
ကိုယ်တော်နှင့် နီးစေပါ၊ ကိုယ်တော်နှင့် နီးစေပါ၊ ကျွန်ုပ်ဘုရား။

ထွက်ပြေး ယာကုပ်ကဲ့သို့၊ နေဝင်ပြီးမှ၊ ကျောက်ခဲသာ
ခေါင်းအုံးဘို့၊ ရနိုင်သော်ကား၊ ညဥ့်နက်တွင် အိပ်မက်မှာ၊
ကိုယ်တော်နှင့် နီးစေပါ၊ ကိုယ်တော်နှင့် နီးစေပါ၊ ကျွန်ုပ်ဘုရား။

စီရင်တော်မူသမျှ၊ ကျွန်ုပ်လျှောက်ရာ၊ ကောင်းကင်လှမ်း
တက် လှေကား ဖြစ်စေမူပါ၊ ကောင်းကင်သားနှင့် တကွ။
ကိုယ်တော်နှင့် နီးစေပါ၊ ကိုယ်တော်နှင့် နီးစေပါ၊ ကျွန်ုပ်ဘုရား။

သို့လျှင်၊ နိုးသောအခါ၊ ချီးမွမ်းစိတ်ရှိ၊ ဒုက္ခကျောက်
ခဲများဖြင့်၊ ဗေသလ တည်မည်။ ဆင်းရဲအားဖြင့် လျှင်သာ။
ကိုယ်တော်နှင့် နီးစေပါ၊ ကိုယ်တော်နှင့် နီးစေပါ၊ ကျွန်ုပ်ဘုရား။

သို့တည်းမဟုတ်၊ ဝမ်းသာ ရွှင်မြူးသဖြင့်၊ နေလ၊ ကြယ်
များ၊ လွန်လျက်၊ ပျံတက်ရလျှင်၊ အစဉ်ပင် လျှောက်လိုပါ။
ကိုယ်တော်နှင့် နီးစေပါ၊ ကိုယ်တော်နှင့် နီးစေပါ၊ ကျွန်ုပ်ဘုရား။

၏

# ၂၀၀း ကိုယ်တော်ကိုလိုပါ၏ကျူး

## I need Thee every hour

ဆာ ၈၆း၁

ကိုယ်တော်ကိုသာ သခင်၊ အစဉ်လိုပါ။
ကိုယ်တော်ရှိမှ သာလျှင် စိတ်ငြိမ်းအေးရာ။
ကိုယ်တော်ပင်၊ အို ယေရှုရှင်၊ ပြစ်ရှိသူ ကယ်ပိုင်ရာ။
ယခုပင် ကြွတော်မူလျှင်၊ ကယ်တော်မူပါ။
ကိုယ်တော်မြတ်သည် လိုရင်းပင်၊ နာရီတိုင်း ခိုကိုးရ၊
ခု ကောင်းကြီးပေး ကယ်ချွတ်ရှင်၊ ခြေရင်းတော်လာ။

ကိုယ်တော်ကို လိုပါ၏။ အရှင်ယေရှု။
နာရီ မပြတ်လိုသည်။ မ စတော်မူ။
ကိုယ်တော်ပင်၊ အို ယေရှုရှင်၊ ပြစ်ရှိသူ ကယ်ပိုင်ရာ။
ယခုပင် ကြွတော်မူလျှင်၊ ကယ်တော်မူပါ။
ကိုယ်တော်မြတ်သည် လိုရင်းပင်၊ နာရီတိုင်း ခိုကိုးရ၊
ခု ကောင်းကြီးပေး ကယ်ချွတ်ရှင်၊ ခြေရင်းတော်လာ။

ကြင်နာ အသံတော်မျှ၊ အဘယ်သူဖြင့်၊
စိတ်အေး ငြိမ်းခြင်းမရ၊ ချစ်သိုးထိန်းရှင်။
ကိုယ်တော်ပင်၊ အို ယေရှုရှင်၊ ပြစ်ရှိသူ ကယ်ပိုင်ရာ။
ယခုပင် ကြွတော်မူလျှင်၊ ကယ်တော်မူပါ။
ကိုယ်တော်မြတ်သည် လိုရင်းပင်၊ နာရီတိုင်း ခိုကိုးရ၊
ခု ကောင်းကြီးပေး ကယ်ချွတ်ရှင်၊ ခြေရင်းတော်လာ။

ကိုယ်တော်ကို လိုပါ၏။ အနီးနေလျှင်၊
အပြစ် တန်ခိုးမရှိ၊ ကယ်မ သခင်။
ကိုယ်တော်ပင်၊ အို ယေရှုရှင်၊ ပြစ်ရှိသူ ကယ်ပိုင်ရာ။
ယခုပင် ကြွတော်မူလျှင်၊ ကယ်တော်မူပါ။
ကိုယ်တော်မြတ်သည် လိုရင်းပင်၊ နာရီတိုင်း ခိုကိုးရ၊
ခု ကောင်းကြီးပေး ကယ်ချွတ်ရှင်၊ ခြေရင်းတော်လာ။

ကိုယ်တော်ကို လိုပါ၏။ အလျင်ကြွလာ။
ဒုက္ခ၊ သုခ ရှိရှိ။ အနီးနေပါ။
ကိုယ်တော်ပင်၊ အို ယေရှုရှင်၊ ပြစ်ရှိသူ ကယ်ပိုင်ရာ။
ယခုပင် ကြွတော်မူလျှင်၊ ကယ်တော်မူပါ။
ကိုယ်တော်မြတ်သည် လိုရင်းပင်၊ နာရီတိုင်း ခိုကိုးရ၊
ခု ကောင်းကြီးပေး ကယ်ချွတ်ရှင်၊ ခြေရင်းတော်လာ။

# ၂၇၂း လွန်မသွားပါနှင့်ကျူး

## Pass me not

ကယ်တင်ရှင် လွန်မသွားပါနှင့်၊ ကျွန်ုပ်လျှောက်ပါ၏၊
ခြားသောသူနှင့် စိတ်တော်တွေ့လျှင် လွန်မသွားပါနှင့်။
ယေရှု၊ ယေရှု၊ ကျွန်ုပ်ခေါ်ပါ၏ ခြားသောသူ
ကိုခေါ်၍နေစဉ်၊ လွန်မသွားပါနှင့်။

ကရုဏာ ပလ္လင်တော်ရင်းမှာ ငြိမ်သက်ခြင်းပေးပါ၊
နောင်တစိတ်နှင့် ဒူးထောက်နေစဉ် မယုံခြင်းကယ်မ။
ယေရှု၊ ယေရှု၊ ကျွန်ုပ်ခေါ်ပါ၏ ခြားသောသူ
ကိုခေါ်၍နေစဉ်၊ လွန်မသွားပါနှင့်။

ကုသိုလ်တော်ကိုသာ ယုံကြည်လျက် မျက်နှာတော် ရှာမည်၊
ကြေမွဝိညာဉ် ကျန်းမာစေပါ၊ ကျေးဇူးဖြင့်ကယ်မ။
ယေရှု၊ ယေရှု၊ ကျွန်ုပ်ခေါ်ပါ၏ ခြားသောသူ
ကိုခေါ်၍နေစဉ်၊ လွန်မသွားပါနှင့်။

သက်သာခြင်း ကိုယ်တော်ရှင်မြတ်မှာ သက်ထက်ဖိုး ထိုက်လှ
ကိုယ်တော်အပြင် အောက်ရပ်ကောင်းကင်၊ ကျွန်ုပ်တွင်မရှိ။
ယေရှု၊ ယေရှု၊ ကျွန်ုပ်ခေါ်ပါ၏ ခြားသောသူ
ကိုခေါ်၍နေစဉ်၊ လွန်မသွားပါနှင့်။

၍

# ၂၁၂။ ယေရှုရှင်ဖို့အသက်ရှင်ကျူး

## Living for Jesus

ယေရှုရှင်ဖို့သာ သစ္စာနှင့်နေမည်။ ပြုမူလေသမျှ နှစ်
သက်စေပါမည်။ စိတ်ပါဝမ်းမြောက်စွာ အလိုတော် လိုက်မည်။
ဤသို့ပြုခြင်းသာ ကောင်းချီးခံရမည်။
ကယ်တင်ရှင် ယေရှုသခင်၊ ကိုယ်ကို ပူဇော်ဆက်တင်၊ ကျွန်ုပ်
ကို ကယ်တင်ဖို့ရာ၊ ကိုယ်တော်ရှင် သေခံရှာ၊ ကျွန်ုပ်
သခင် ကိုယ်တော်သာ စိတ်တွင် ကိန်းဝပ်မူပါ၊ နောက်
နောင် ကိုယ်တော်အရှင် ဖို့သာ၊ အသက်ကို ပူဇော်မည်။

သေခံရှင်ဖို့သာ အသက်ရှင်ပါမည်၊ ကျွန်ုပ်ပြစ်ကြောင့်သာ ကိုယ်
တော် သေခံပြီ။ ရှိသမျှအပ်ပြီး နောက်တော် လိုက်ဖို့လည်း၊
ဤမေတ္တာတော်ပင် သွေးဆောင် ခေါ်ယူ၏။
ကယ်တင်ရှင် ယေရှုသခင်၊ ကိုယ်ကို ပူဇော်ဆက်တင်၊ ကျွန်ုပ်
ကို ကယ်တင်ဖို့ရာ၊ ကိုယ်တော်ရှင် သေခံရှာ၊ ကျွန်ုပ်
သခင် ကိုယ်တော်သာ စိတ်တွင် ကိန်းဝပ်မူပါ၊ နောက်
နောင် ကိုယ်တော်အရှင် ဖို့သာ၊ အသက်ကို ပူဇော်မည်။

ဘယ်ရပ်မှာမဆို ကိုယ်တော်ဖို့သက်ရှင်၊ နာမ တော် မြတ်နှင့် ဝတ်
ကို ဆောင်ရွက်ချင်၊ ဒုက္ခခံရလျှင် မညည်းဘဲ ခံချင်၊
ကိုယ်တိုင်ထမ်းဖို့ရာ ကားတိုင်ပင်မှတ်ထင်။
ကယ်တင်ရှင် ယေရှုသခင်၊ ကိုယ်ကို ပူဇော်ဆက်တင်၊ ကျွန်ုပ်
ကို ကယ်တင်ဖို့ရာ၊ ကိုယ်တော်ရှင် သေခံရှာ၊ ကျွန်ုပ်
သခင် ကိုယ်တော်သာ စိတ်တွင် ကိန်းဝပ်မူပါ၊ နောက်
နောင် ကိုယ်တော်အရှင် ဖို့သာ၊ အသက်ကို ပူဇော်မည်။



↑ မာတိကာ Table of contents

ခဏသက်ရှင်စဉ်၊ ကိုယ်တော်ဖို့သက်ရှင်၊ ကိုယ်တော် ဝမ်းမြောက်ခြင်း၊ ထူး
မြတ် ဘဏ္ဍာထင်၊ လမ်းလွဲသူတို့ကို ကိုယ်တော်ရှင် ထံသို့၊
ပြန်လာစိမ့်သောငှာ၊ ရှာဖွေလျက် ဆောင်ပို့။
ကယ်တင်ရှင် ယေရှုသခင်၊ ကိုယ်ကို ပူဇော်ဆက်တင်၊ ကျွန်ုပ်
ကို ကယ်တင်ဖို့ရာ၊ ကိုယ်တော်ရှင် သေခံရှာ၊ ကျွန်ုပ်
သခင် ကိုယ်တော်သာ စိတ်တွင် ကိန်းဝပ်မူပါ၊ နောက်
နောင် ကိုယ်တော်အရှင် ဖို့သာ၊ အသက်ကို ပူဇော်မည်။

၍

## ၂၁၅။ ရှိသမျှစွန့်ခြင်းကျူး
## All to Jesus I surrender

မာ ၁၀း၂၈

ကယ်တင်ပိုင်ရှင် အကျွန်ုပ်သည်၊ ရှိသမျှစွန့်၍ လိုက်မည်။
ကိုယ်တော်ရှင်သည် အကျွန်ုပ်၏၊ လမ်းပြ ကွယ်ကာရှင် ဖြစ်သည်။
ရှိသမျှစွန့်၍ လက်တော်သို့အပ်မည်။
ရှိသမျှစွန့်၍ လက်တော်သို့အပ်မည်။
ရှိသမျှကို ကိုယ်တော်လက်သို့ ကျွန်ုပ်သည်အပ်မည်။
ကျွန်ုပ်သည်အပ်မည်။

နောင်တ ရလျက် ဆုတောင်းခြင်းဖြင့်၊ ကိုယ်တော်ထံသို့ ချဉ်းကပ်လျှင်၊
ကျွန်ုပ်ဆုတောင်းခြင်းကို နားညောင်း သန့်ရှင်း ဝိညာဉ်တော် သွန်းလောင်း။
ရှိသမျှစွန့်၍ လက်တော်သို့အပ်မည်။
ရှိသမျှစွန့်၍ လက်တော်သို့အပ်မည်။
ရှိသမျှကို ကိုယ်တော်လက်သို့ ကျွန်ုပ်သည်အပ်မည်။
ကျွန်ုပ်သည်အပ်မည်။

ပြစ်များကို လုံးစုံဝန်ချပြီ၊ လောကီပျော်မွေ့ခြင်း စွန့်မည်။
ဝိညာဉ်ဘုရား၊ ကျွန်ုပ်စိတ်မှာဝင်၍ ကိန်းဝပ်တော်မူပါ။
ရှိသမျှစွန့်၍ လက်တော်သို့အပ်မည်။
ရှိသမျှစွန့်၍ လက်တော်သို့အပ်မည်။
ရှိသမျှကို ကိုယ်တော်လက်သို့ ကျွန်ုပ်သည်အပ်မည်။
ကျွန်ုပ်သည်အပ်မည်။



↑ မာတိကာ Table of contents

ကျွန်ုပ်အသက် ဆုံးသည့်တိုင်အောင် ကယ်တင်ခြင်း သီချင်းဆိုမည်။
ကောင်းကင်ဆိပ်ကမ်း ရောက်သည့်တိုင်အောင် ဝမ်းမြောက်ဝါကြွားရာ ဖြစ်၏။
ရှိသမျှစွန့်၍ လက်တော်သို့အပ်မည်။
ရှိသမျှစွန့်၍ လက်တော်သို့အပ်မည်။
ရှိသမျှကို ကိုယ်တော်လက်သို့ ကျွန်ုပ်သည့်အပ်မည်။
ကျွန်ုပ်သည့်အပ်မည်။

ဢ

## ၂၂၂။ အိုယေရှု၊ကျွန်ုပ်ကတိရှိပြီကျူး

## O Jesus, I have promised

လု ၂၄း၁၅

အဆုံးတိုင်အောင် မှုဆောင်မည်၊ ကျွန်ုပ်ကတိရှိပြီ။
ကိုယ်တော်ရှင်သည် အနားမှာ အစဉ်ရှိတော်မူပါ။
ကိုယ်တော်အရှင် ရှိခဲ့လျှင် ကြောက်ရာဘာမျှ မမြင်။
ကိုယ်တော်ရှင် လမ်းပြသောခါ၊ လမ်းသည် မလွဲနိုင်ပါ။

ကျွန်ုပ်နားမှာ စဉ်နေပါ၊ စုံစမ်းခြင်းများလှပါ။
လောက သွေးဆောင်ခြင်း များသည် ပတ်လည် ဝိုင်းလျက်ရှိ၏။
ရန်သူများ အတွင်းအပြင်၊ ရှိနေကြသည် အစဉ်။
ဝိညာဉ်ကို ကွယ်ကာဖို့ရာ အနီး ကြွတော်မူပါ။

တပ်မက်စွဲလမ်း မုန်တိုင်းနှင့် စိတ်လိုလိုက်ခြင်း ထဲမှ၊
မိန့်တော်သံ တည်ငြိမ်ကြည်လင် ကြားခွင့်ပေးပါ အရှင်၊
မှားမှန်ခွဲခြား သိစေရန်၊ ညွှန်ကြား ကိုယ်တော်ထပ်မံ၊
ကြားနိုင်အောင် နားထောင်ဖို့ရာ ပြုပြင်ပါ၊ ရှင်ဘုရား။

# ၂၂၄။ အလိုတော်ရှိရာပြုတော်မူပါကျူး

## Have Thine own way, Lord

ယေရမိ ၂၉း၁၆

အလိုတော်ရှိရာ၊ ပြုတော်မူပါ၊ ကိုယ်တော်ရှင်
အိုးထိန်း၊ ကျွန်ုပ်အိုးမြေ၊ ကိုယ်တော်ရှင်မြတ်အား စောင့်နေစဉ်
ခါ၊ သဘောတော် ရှိတိုင်း၊ ပုံသွင်းလုပ်ပေး။

အလိုတော်ရှိရာ၊ ပြုတော်မူပါ၊ ယနေ့စုံ
စမ်း၍ စစ်တော်မူပါ။ ရှေ့တော်မှာ နှိမ့်ချ၊ ဒူးထောက်စဉ်
ခါ၊ မိုးပွင့်ထက် ဖြူအောင် ဆေးတော်မူပါ။

အလိုတော်ရှိရာ၊ ပြုတော်မူပါ၊ ဒုက္ခရောက်
သည်ခါ၊ မ တော်မူပါ။ တန်ခိုးတော် မဟာ၊ ကိုယ်တော်၌
သာ၊ တို့တော် မူပြီးခါ၊ ချမ်းသာပေးပါ။

အလိုတော်ရှိရာ၊ ပြုတော်မူပါ၊ ကိုယ်တော်ရှင်
မြတ်သာ အုပ်စိုးမူပါ။ ဝိညာဉ်တော်မြတ်နှင့် ပြည့်စေပြီး
ခါ၊ ခရစ်တော်ဘုရား စိတ်တွင်ကိန်းပါ။

ဆ



↑ မာတိကာ Table of contents

# ၂၂၅။ ကိုယ်တော်အားဆက်ကပ်ပူဇော်ခြင်းကျူး

## Consecration

ဆာ ၅၁း၁၄-၁၇

ကျွန်ုပ်အသက် လက်ခံပါ၊ ကိုယ်တော်ကို ပူ
ဇော် ဆက်သ၊ နေ့ရက် အချိန်ရှိသမျှ၊ ချီးမွမ်း
ခြင်းနှင့် ပြည့်စေပါ။ ချီးမွမ်းခြင်းနှင့် ပြည့်စေပါ။

ကိုယ်တော် ချစ်ခြင်း နှိုးဆော်ရာ၊ ကျွန်ုပ်လက်၊ မှု
ဆောင်စေပါ။ ကိုယ်တော်ရှင်မြတ် အဖို့သာ ကျွန်ုပ်
ခြေလျင် မြန်စေပါ၊ ကျွန်ုပ်ခြေလျင် မြန်စေပါ။

ကျွန်ုပ်အသံ လက်ခံပါ၊ ကိုယ်တော်ကို ချီး
မွမ်း ကျူးရာ၊ နှုတ်ကပတ်တော် မြတ်နှင့်သာ ကျွန်ုပ်
နှုတ်ကို ပြည့်စေပါ၊ ကျွန်ုပ်နှုတ်ကို ပြည့်စေပါ။

ကျွန်ုပ်ရွှေငွေ ရှိသမျှ၊ ကိုယ်တော်မြတ် လက်
ခံမူပါ၊ ကိုယ်တော်မြတ် အလိုရှိရာ၊ ကျွန်ုပ်
ဉာဏ်ကို သုံးမူပါ၊ ကျွန်ုပ်ဉာဏ်ကို သုံးမူပါ။

ကျွန်ုပ်အလို လက်ခံပါ၊ ကိုယ်တော်အလို
ဖြစ်စေပါ၊ ကျွန်ုပ်စိတ် ကိုယ်တော်ပိုင်ပေ၊ ကိန်းဝပ်
ရာ ပလ္လင်ဖြစ်စေ၊ ကိန်းဝပ်ရာ ပလ္လင်ဖြစ်စေ။

ကျွန်ုပ်ချစ်ခြင်း လက်ခံပါ၊ ခြေတော်ရင်းမှာ
ချထားပါ၊ ကျွန်ုပ်ကို ယူတော်မူလျှင် ကိုယ်တော်
ဖို့ ဖြစ်မည်အစဉ်၊ ကိုယ်တော်ဖို့ ဖြစ်မည်အစဉ်။

ဃ

# ၂၂၈း သစ္စာနှင့်စောင့်နေကျူး

## Will Jesus find us watching

ရှင်ယေရှု ကြွလာတော်မူ ပြန်သောခါ၊  နေ့ညဘယ်အချိန် မဆို၊
သစ္စာနှင့် ငါတို့စောင့်နေ ကြသလား၊ မီးခွက်များကို ပြင်လျက်နှင့်။
အို ငါတို့ အသင့်ရှိနေ ကြသလား၊ ဝိညာဉ်စံရာ အိမ်တော်ဖို့၊ ငါတို့ စောင့်
နေခြင်း ကိုယ်တော် တွေ့မည်လား၊ စောင့်လျက်၊ ကိုယ်တော်ကြွလာခြင်း စောင့်လျက်။

တယောက် နောက်တယောက် ကိုယ်တော် ခေါ်မူလျှင်၊ မိုးလင်း အာရုဏ်တက်ချိန်ခါ၊
အပ်ထားဘဏ္ဍာ ကိုယ်တော်ထံ ပြန်ဆက်လျှင်၊ သာဓု ခေါ်တော်မူ မည်လား။
အို ငါတို့ အသင့်ရှိနေ ကြသလား၊ ဝိညာဉ်စံရာ အိမ်တော်ဖို့၊ ငါတို့ စောင့်
နေခြင်း ကိုယ်တော် တွေ့မည်လား၊ စောင့်လျက်၊ ကိုယ်တော်ကြွလာခြင်း စောင့်လျက်။

မှတ်ထားမူရာ ငါတို့ ပြုကြပြီလား၊ ခွန်အားသတ္တိ ရှိသမျှ၊
ငါတို့၏ စိတ်ပြစ်တင်ခြင်းမှ ကင်းသော်၊ ငြိမ်သက် ချမ်းသာခြင်းရမည်။
အို ငါတို့ အသင့်ရှိနေ ကြသလား၊ ဝိညာဉ်စံရာ အိမ်တော်ဖို့၊ ငါတို့ စောင့်
နေခြင်း ကိုယ်တော် တွေ့မည်လား၊ စောင့်လျက်၊ ကိုယ်တော်ကြွလာခြင်း စောင့်လျက်။

စောင့်နေသူများ မင်္ဂလာရှိစေသော၊ ဘုန်းတော်ဝင် စံစားရမည်။
နေ့ချိန် သန်းခေါင်ယံချိန် ဖြစ်စေလာသော်၊  စောင့်နေလျက် တွေ့လိမ့်မည်လား။
အို ငါတို့ အသင့်ရှိနေ ကြသလား၊ ဝိညာဉ်စံရာ အိမ်တော်ဖို့၊ ငါတို့ စောင့်
နေခြင်း ကိုယ်တော် တွေ့မည်လား၊ စောင့်လျက်၊ ကိုယ်တော်ကြွလာခြင်း စောင့်လျက်။

# ၂၃၂။ သင်ဖို့ငါအသက်ပေးကျူး

## I gave my life for Thee

ယော ၁၀း၁၅

ငါကား သင်၏အတွက် ငါ့သွေးမြတ် သွန်းလောင်း၏၊
သင်သည် ရွေးခြင်းခံလျက် သေခြင်းမှ ရှင်ရသည်။
ငါသည် သင်၏အတွက် သေ၏၊ ငါတွက် သင်ဘာ ပြုနည်း။
ငါသည် သင်၏အတွက် သေ၏။ ငါတွက် သင်ဘာ ပြုနည်း။

ခမည်းတော် နေဌာန၊ ငါ့ဘုန်း ဖုံးလွှမ်းပလွှင်၊
မြေကြီး မှောင်မိုက်ညဥ့်မှာ၊ လှည့်လည်ရန် ငါစွန့်ဆင်း။
သင့်ဖို့ပင် ငါချွတ်ပယ် စွန့်သည်၊ ငါဖို့ သင်ဘာစွန့်နည်း။
သင့်ဖို့ပင် ငါချွတ်ပယ် စွန့်သည်၊ ငါဖို့ သင်ဘာစွန့်နည်း။

သင့်တွက်၊ သင် ကြုံမမှီ၊ ဒုက္ခ ကြီးစွာခံလျှင်၊
ငရဲနှင့် သင်လွတ်မည်၊ သင်၏ကိုယ်စား ငါဝင်၊
သင်၏ အတွက်သာ ငါခံသည်၊ ငါဖို့ သင်ဘာခံနည်း။
သင်၏ အတွက်သာ ငါခံသည်၊ ငါဖို့ သင်ဘာခံနည်း။

ငါ့နေရာ ကောင်းကင်မှ၊ ပြစ်လုံးလုံး ဖြေလွှတ်ခြင်း၊
ဆုကျေးဇူး ကြွယ်ဝစွာ၊ ဆောင်ခဲ့၊ ချပေး၊ သွတ်သွင်း၊
သင့်အား ဆုများစွာ ငါပေးပြီ၊ ငါ့အား သင်ဘာလှူနည်း၊
သင့်အား ဆုများစွာ ငါပေးပြီ၊ ငါ့အား သင်ဘာလှူနည်း။

ထ



↑ မာတိကာ Table of contents

# ၂၃၃။ ကိုယ်တော်အားအကောင်းဆုံးကိုပေးပါ

## Give of your best to the Master

၁ တိ ၄း၁၂

ပျိုရွယ်စဉ်ခါ သင်၏ခွန်အား၊ ကိုယ်တော်ရှင်အား ပူဇော်ပါ၊
ပျိုရွယ်စဉ်ခါ သင်၏ခွန်အား၊ ကိုယ်တော်ရှင်အား ပူဇော်ပါ၊
သစ္စာဘက်မှာ စစ်တိုက်သောခါ၊ ဝိညာဉ်စိတ်အား ကြီးခြင်းပြ၊
ကယ်တင်ခြင်း စစ်တန်ဆာဆင်ပါ။ သစ္စာဘက်က ဝင်တိုက်ပါ။
ယေရှုရှင်သည် ပျိုရွယ်စဉ်ခါ၊ ပြသောပုံစံကို လိုက်ပါ။
သစ္စာနှင့်မှုတော် ဆောင်ရွက်ပါ၊ အမြတ်ဆုံးသာ ပူဇော်ပါ။

အမြတ်ဆုံးကိုသာ ပူဇော်ပါ၊ စိတ်နှလုံး ကြွင်းမဲ့ချစ်ပါ၊
ပျိုရွယ်စဉ်ခါ သင်၏ခွန်အား၊ ကိုယ်တော်ရှင်အား ပူဇော်ပါ၊
ကိုယ်တော်ဖို့သာ မှုတော်ဆောင်ပါ၊ ရှိသမျှကို ပူဇော်ပါ၊
ကယ်တင်ခြင်း စစ်တန်ဆာဆင်ပါ။ သစ္စာဘက်က ဝင်တိုက်ပါ။
လှူလျှင် သင်သည် ရပြန်လိမ့်မည်၊ သားတော်ကိုပင် ပေးခဲ့ပြီ၊
ကျေးဇူးတင်လျက် မှုတော်ဆောင်ပါ၊ အမြတ်ဆုံးသာ ပူဇော်ပါ။

အမြတ်ဆုံးကိုသာ ပူဇော်ပါ၊ ခြားအရာ မထိုက်တန်ပါ၊
ပျိုရွယ်စဉ်ခါ သင်၏ခွန်အား၊ ကိုယ်တော်ရှင်အား ပူဇော်ပါ၊
ကောင်းကင်ဘုန်းကို စွန့်ပစ်ပြီးခါ၊ သင့်ကိုကယ်ရန် မြေပေါ်လာ၊
ကယ်တင်ခြင်း စစ်တန်ဆာဆင်ပါ။ သစ္စာဘက်က ဝင်တိုက်ပါ။
ပျက်စီးခြင်းမှ ကယ်တင်ဖို့ရာ၊ မညည်းထွားဘဲ သက်စွန့်ရှာ။
စိတ်ဝိညာဉ်နှင့်သာ ကိုးကွယ်ရာ၊ အမြတ်ဆုံးသာ ပူဇော်ပါ။

# ၂၃၅။ ကိုးစား၍နားထောင်သီချင်း

## Trust and obey

သုတ္တံ ၁၆း၂၇

နှုတ်ကပတ် အလင်းတွင် ယေရှုနှင့် ရှောက်သွားစဉ်၊ ငါတို့လမ်း ထွန်းလင်း
စေတော် မူသည်။ အလိုတော်ကို လိုက်လျှင် အတူရှိမည် အစဉ်၊
ကိုးစား၍ နားထောင်လျက် နေရမည်။ ကိုးစားနားထောင်၊ ခြားသော လမ်းရှာမ
တွေ့၊ ယေရှု၌ ချမ်းသာရအောင်၊ ကိုးစားနားထောင် ရလေ။

ငါတို့၏ လေးသောဝန် ဆင်းရဲဒုက္ခ ခံဖို့၊ ကိုယ်တော်၏ ကျေးဇူး
မြတ်လောက်ပေ၏။ ငါတို့ ကြောက်လန့်စေရန် စာတန် နှောင့်ယှက်ရာကို
ကိုးစား နားထောင်ခြင်းဖြင့် ပျောက်စေမည်။ ကိုးစား နားထောင်၊ ခြားသော လမ်းရှာမ
တွေ့၊ ယေရှု၌ ချမ်းသာရအောင်၊ ကိုးစားနားထောင် ရလေ။

သို့သော်လည်း ငါတို့၌ ရှိသမျှသောအရာ ကိုယ်တော် လက်၌ အပ်
ထားကြရမည်၊ ကိုယ်ကို မအပ်နှံလျှင် ဆုကျေးဇူးတော် အများ
ငါတို့ အလျင်း မခံစားနိုင်ကြ။ ကိုးစားနားထောင်၊ ခြားသော လမ်းရှာမ
တွေ့၊ ယေရှု၌ ချမ်းသာရအောင်၊ ကိုးစားနားထောင် ရလေ။

ငါတို့သည် ယေရှုနှင့် မိတ်သဟာယ ဖွဲ့လျှင် ကိုယ်တော်နှင့် အတူ
သွားလာကြမည်။ မိန့်တော်မူသည် အတိုင်း သွားလာ ဆောင်ရွက်ပါမည်၊
မကြောက်ဘဲ၊ ကိုးစားလျက် နားထောင်မည်။ ကိုးစား နားထောင်၊ ခြားသော လမ်းရှာမ
တွေ့၊ ယေရှု၌ ချမ်းသာရအောင်၊ ကိုးစားနားထောင် ရလေ။

ၜ

# ၂၅၁း ကယ်တင်ရှင်၊ သိုးထိန်းလိုလမ်းပြကျူး

## Saviour, Like a Shepherd Lead Us

ဆာ ၂၃း၁

ကယ်တင်ရှင်၊ သိုးထိန်းလို လမ်းပြ၊ ကိုယ်တော်စောင့်မရန် လိုပါ၊
စိမ်းလန်း ကျက်စားရာတွင် ကျွေးမွေး၊ ပြင်ဆင်ပါ ခြံတော်ဖို့ပေ၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်သည်၊ ကျွန်ုပ်တို့ကို ဝယ်ယူပြီ၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်သည်၊ ကျွန်ုပ်တို့ကို ပိုင်မူ၏။

ကိုယ်တော် ပိုင်သောကြောင့် ကွယ်ကာပါ၊ လမ်းရောက်သွားစဉ် လမ်းပြပါ၊
သိုးစုတော်ကို ပြစ်မှကွယ်ကာ၊ လမ်းမှားသော် လိုက်ရှာမူပါ၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်သည် ကျွန်ုပ်တို့ ဆုတောင်းသောခါ၊
သန့်ရှင်း ယေရှု၊ ကျွန်ုပ်တို့၏ ဆုတောင်းသံကို နားညောင်းပါ။

ဆင်းရဲ၍ ပြစ်နှင့်ပြည့်သော်လည်း၊ လက်ခံမည် ကတိရှိပြီ၊
ကယ်တင်ရန် ဂရုဏာတော်ရှိ၊ ဆေးကြော ကယ်လွှတ်ရန် စွမ်း၏။
သန့်ရှင်း ယေရှု ကိုယ်တော်မြတ်ထံ၊ လျင်မြန်စွာ ပြောင်းလဲစေပါ၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်ထံ၊ လျင်မြန်စွာ ပြောင်းလဲစေပါ။

ငယ်စဉ်ခါ၊ မျက်နှာတော်ကိုရှာ၊ အလိုတော်လိုက်ရန် စောင့်မ၊
ကယ်တင်ပိုင်ရှင်၊ ကိုယ်တော်ကိုသာ၊ ချစ်လို့ငှာ ခွင့်ပေးသနား၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်သည် ချစ်တော်မူ ကျွန်ုပ်တို့အား၊
သန့်ရှင်း ယေရှု၊ ကိုယ်တော်မြတ်သည် ယခုတိုင်အောင် ချစ်မူပါ။

# ၂၅၄။ လမ်းတလျှောက်လုံးကျူး

## All the way

ကယ်တင်ရှင် ငါ့ကိုလမ်းပြသည်၊ ဘယ်တောင့်တရန် ရှိသနည်း၊
ငါ့ကို လမ်းပြတော်မူ ရှင်အား၊ ယုံမှားခြင်း ရှိရမည်လား၊
ဤဘဝ အသက်ရှင်သည်တွင်၊ စုံစမ်းခြင်း မျိုးမျိုးတို့ပင်
ဖိစီးနှိပ်စက် လာသောအခါ၊ ကိုယ်တော် စီရင်တိုင်း ဖြစ်ပါ၊ ပါ။

ကယ်တင်ရှင် ငါ့ကိုလမ်းပြစဉ်၊ ထောက်မ အားပေးလျက် နင့်ပင်၊
စုံစမ်းခြင်းကို ခံနိုင်ဖို့ရာ၊ ကျွေးတော်မူ အသက် မုန့်မှာ၊
ခွန်အားပြည့်လျက် မောပန်းခြင်းကင်း၊ သောက်လျက်နေ သက်စမ်းရေတွင်း၊
ပလ္လင်တော် ရှေ့မှထွက်စီးလေ၊ ဝမ်းမြောက်ခြင်း စမ်းရေမြင်ပေ၊ ပေ။

ကယ်တင်ရှင် ငါ့ကိုလမ်းပြသည်၊ ကိုယ်တော် ချစ်ခြင်း အံ့ဖွယ်တည်း၊
ထက် အဖအိမ်တော်တွင် ငြိမ်းစွာ၊ နေစိမ့်ဌာ ကတိတော်ထား၊
ကျွန်ုပ်ဝိညာဉ် အတောင်ဖြန့်လျက် ထွန်းတောက် ကောင်းကင်သို့ပျံတက်။
ထိုအခါစဉ် သီချင်းဆိုမည်၊ ယေရှု ငါ့ကို လမ်းပြပြီ၊ ပြီ။

# ၂၅၅။ ယုံကြည်ခြင်းသည်အောင်မြင်ခြင်းတည်း

## Faith is the Victory

အလင်းတော်၏ ကမ်းပါးယံ၌၊ ခရစ်ယာန် စစ်သည်တော်များ၊ စ
ခန်းချလျက် တပ်စွဲနေပါ၊ တောင်အောက် ရန်သူများကို အားကုန်သွန်လျက် ချီ
တက် တိုက်ကြ၊ လင်းရောင်ရှိချိန် တိုက်ပါ၊ ယုံကြည်ခြင်းသည် အောင်မြင်ခြင်းတည်း၊ လော
ကကို အောင်ခြင်းတည်း။ ယုံခြင်းဖြင့် အောင်မြင်သည်၊ ယုံခြင်းဖြင့်
အောင်မြင်သည်၊ ဤလောကကို အောင်နိုင်သည်၊ ကြီးစွာသော အောင်ခြင်းတည်း။

မေတ္တာတော်သည် ငါတို့အလံ၊ နှုတ်ကပတ်တော်ကား ဓါး၊ သန့်
ရှင်းသူတို့ ခြေရာလျှောက်လျက် ဝမ်းမြောက်စွာ ကြွေးကြော်ပါ၊ လျင်မြန်လှသော လေ
ဗွေကဲ့သို့၊ ရန်သူရှိရာ ဝင်ကြ၊ သေခြင်းကို အောင်သော ယုံခြင်းဖြင့်၊ ရန်
သူကို အောင်မြင်ပါ။ ယုံခြင်းဖြင့် အောင်မြင်သည်၊ ယုံခြင်းဖြင့်
အောင်မြင်သည်၊ ဤလောကကို အောင်နိုင်သည်၊ ကြီးစွာသော အောင်ခြင်းတည်း။

ကြောက်ဖွယ် မာရ်နတ် စစ်သည်အများ၊ နေရာ အနှံ့ရောက်လာ၊ သို့
ကြောင့် ဘုရား လက်နက်စုံကို၊ အသင့် တပ်ဆင်၍ထား၊ ကယ်တင်ခြင်း သံခ
မောက်ကို ဆောင်း၊ သစ္စာခါး ပန်းကိုစည်း မြေကြီး တုန်လှုပ်၊ ပဲ့တင်ထပ်မျှ ကြွေး
ကြော် အော်ဟစ်ကုန်ကြ။ ယုံခြင်းဖြင့် အောင်မြင်သည်၊ ယုံခြင်းဖြင့်
အောင်မြင်သည်၊ ဤလောကကို အောင်နိုင်သည်၊ ကြီးစွာသော အောင်ခြင်းတည်း။

ဿ

# ၂၆၀း အပ္ပမေယျမေတ္တာတော်ကျူး

## Love divine all love excelling

၁ ယော ၄း၈

အပ္ပမေယျ ချစ်ခြင်းမေတ္တာ၊ ကောင်းကင်ဘုံ ပီတိကြွလျက်၊
ကျွန်ုပ်တို့တွင် ကိန်းဝပ်မူပါ။ ကျေးဇူးတော် အပေါင်းဆင်းသက်၊
ကရုဏာနှင့် ကိုယ်တော်ကြွယ်ဝ၊ ဒုစရိုက်မှ ကယ်တော်မူ၊
ကိုယ်တော်ကို ကျွန်ုပ်တို့တောင့်တ၊ ဘုန်းပွင့်စေ၊ အို ရှင်ယေရှု။

သောကပူလောင် နှလုံးထဲသို့ ဝိညာဉ်တော်သည် ပသာသ။
ခုမှုတ်သွင်းတော် မူပါစေသော။ မောပန်းခြင်း ငြိမ်းစေမူပါ၊
ရွေးနှုတ်ခြင်းငှါ ဣသရိယ၊ ဘုန်းနှင့် ပြည့်စုံတော် မူလေ၊
ကိုယ်တော်ချက်ခြင်း ကြွလာမူပါ၊ ဗိမာန်တော်၌ မြဲစွဲနေ။

ကိုယ်တော်သည် ဖန်ဆင်း ပြုပြင်ခြင်း မူတော် ပြီးစီးစေမူရာ၊
ဖြူစင်စေတော် မူသောအားဖြင့်၊ ကျွန်ုပ်တို့ စုံလင်စေပါ၊
ကောင်းကင်ဘုံသို့ ရောက်သောကာလ၊ ရှေ့တော်၌ ဦးညွှတ်ချချိန်
ချီးမွမ်း ထောမနာ ပြုအံ့ငှါ၊ ဘုန်းတော်ကို ဝင်စားကြချိမ့်။

# ၂၇၄း ကျောက်မြဲကျူး

## My hope is built on nothing less

ဆာ ၉၄း၂၂

ငါ့မျှော်လင့်ခြင်း အမြစ်တည်ရာ၊ ခရစ်တော်၏ အသွေးမြတ်သာ၊
ငါ၏ကျင့်ဝတ် မှီဖွယ်မရှိ၊ နာမတော် ကုသိုလ်အောင် သတည်း။
ကျောက်မြဲ ခရစ်တော် ငါခိုလှုံ၊ အခြားတည်ရာရှိ
ရှိသဲနှုံး၊ အခြားတည်ရာရှိ ရှိသဲနှုံး။

ရွှေမျက်နှာတော် အလင်းကွယ်လျှင်၊ တည်မြဲ ကရုဏာတော် ခိုဝင်၊
လေပြင်းကျ၍ လှိုင်းထလျှင်လည်း၊ ကုလားကာထဲ ကျောက်စွဲနေမည်။
ကျောက်မြဲ ခရစ်တော် ငါခိုလှုံ၊ အခြားတည်ရာရှိ
ရှိသဲနှုံး၊ အခြားတည်ရာရှိ ရှိသဲနှုံး။

ရေလွှမ်းအားကြီး ပတ်လည်ပြိုသော်၊ ကတိ ပဋိညာဉ်နှင့် သွေးတော်၊
ငါ့ကိုထောက်မ၊ ကိုယ်တော်သာလျှင် ငါမျှော်လင့်ခြင်း၊ မှီဝဲရာပင်။
ကျောက်မြဲ ခရစ်တော် ငါခိုလှုံ၊ အခြားတည်ရာရှိ
ရှိသဲနှုံး၊ အခြားတည်ရာရှိ ရှိသဲနှုံး။

၍

# ၂၇၆။ သူတော်ကောင်းများခိုင်ခံ့ခြင်းကျူး

## Faith of Our Fathers

ဗျာ ၂း၁၃

ညှင်းဆဲခြင်းမျိုး ခံရသော်လည်း၊ ဘိုးဘေးတို့
၏ ယုံကြည်ခြင်းတည်၊ ထိုသတင်းကို ကြားရသောခါ၊
ကျွန်ုပ်တို့ စိတ်ဝမ်းမြောက်ဝမ်းသာ။ ဘိုးဘေးတို့၏ ယုံ
ကြည်ခြင်းကြောင့် တည်ကြည်ပါမည်၊ သေသည်တိုင်အောင်။

ထောင်တွင်း အကျဉ်း ခံရသော်လည်း၊ သူတို့စိတ်
သည် တည်ကြည်လျက်ရှိ၊ ယုံကြည်ခြင်းကြောင့် ကျွန်ုပ်တို့လည်း၊
အဆုံးတိုင်အောင် ခံသင့်ကြ၏။ ဘိုးဘေးတို့၏ ယုံ
ကြည်ခြင်းကြောင့် တည်ကြည်ပါမည်၊ သေသည်တိုင်အောင်။

ယုံကြည်ခြင်းကြောင့် ကျွန်ုပ်တို့လည်း ရန်သူကို
ပင် ချစ်ခင်ပါမည်၊ ကောင်းသော အကျင့်စကား အားဖြင့်၊
ယုံကြည်ခြင်း တရားဟောပြောမည်။ ဘိုးဘေးတို့၏ ယုံ
ကြည်ခြင်းကြောင့် တည်ကြည်ပါမည်၊ သေသည်တိုင်အောင်။

ဣ

# ၂၇၈။ ယေရှုကိုယုံကြည်ခြင်းကျူး

## Trusting Jesus

ယော ၁၃း၁၅

နေ့စဉ် ယုံကြည်ကိုးစားရာ၊ ယုံပါ၊ မှန်တိုင်းကျသောခါ၊
ယုံကြည်ခြင်း အားနည်းသော်လည်း၊ ယေရှုကိုယုံလျှင် မှုပြီး။
နေ့ရက်တိုင်း ကိုယ်တော်ကိုသာ ယုံကြည်လျက် ခိုလှုံကိုးစား၊
ဘယ်မှုမျိုး ဖြစ်သည်မဆို၊ ယေရှုကို ယုံကြည်အားကိုး။

ဝိညာဉ်တော် ထွန်းလင်းတောက်လာ၊ မိုက်မဲဆင်းရဲ ငါ့စိတ်မှာ၊
လမ်းပြလျှင် မလဲနိုင်ပြီ၊ ယေရှုကို ယုံလျှင်မှုပြီး။
နေ့ရက်တိုင်း ကိုယ်တော်ကိုသာ ယုံကြည်လျက် ခိုလှုံကိုးစား၊
ဘယ်မှုမျိုး ဖြစ်သည်မဆို၊ ယေရှုကို ယုံကြည်အားကိုး။

လမ်းသာယာလျှင် သီချင်းကျူး၊ မှောင်မိုက်လျှင် ပတ္တနာပြု၊
ဒုက္ခရောက်သော် ဆုတောင်းပြီ။ ယေရှုကိုယုံလျှင် မှုပြီး။
နေ့ရက်တိုင်း ကိုယ်တော်ကိုသာ ယုံကြည်လျက် ခိုလှုံကိုးစား၊
ဘယ်မှုမျိုး ဖြစ်သည်မဆို၊ ယေရှုကို ယုံကြည်အားကိုး။

သက်ရှင်စဉ် ယုံကြည်ကိုးစား၊ ကမ္ဘာကုန်သည်တိုင် ယုံရာ။
မြို့တော်တွင်း ရောက်သည်တိုင်အောင်၊ ယေရှုကို ယုံကြည်ကိုးစား။
နေ့ရက်တိုင်း ကိုယ်တော်ကိုသာ ယုံကြည်လျက် ခိုလှုံကိုးစား၊
ဘယ်မှုမျိုး ဖြစ်သည်မဆို၊ ယေရှုကို ယုံကြည်အားကိုး။

ဆ



↑ မာတိကာ Table of contents

# ၂၈၈။ ကတိတော်၌တည်နေခြင်းကျူး

## Standing on the Promises

၂ ကော ၁း၂၀

ကိုယ်တော်၏ ကတိတော်များ၌ တည်နေသည် အနန္တကာလ ပတ်
လုံး ချီးမွမ်းပါမည်၊ ဟောရှဏ္ဏာ ဖြစ်စေသတည်း၊ ကြွေးကြော်လေ၏၊
ကတိတော်မြတ်၌ တည်နေပါသည်။ တည်လျက်နေ
သည် ကယ်တင်ရှင် သခင်၏ ကတိမြတ်၌ တည်သည်၊ တည်လျက်
နေသည်၊ ဘုရားသခင်၏ ကတိတော်၌ တည်၏။

မပျက်နိုင်သော ကတိတော်များ၌ တည်သည်၊ ယုံမှားခြင်း၊ ကြောက်ရွံ့ခြင်း
မုန်တိုင်းကျသော်လည်း၊ အသက်ရှင်သော နှုတ်ကပတ်ဖြင့် အောင်မြင်မည်၊
ကတိတော်မြတ်၌ တည်နေပါသည်။ တည်လျက်နေ
သည် ကယ်တင်ရှင် သခင်၏ ကတိမြတ်၌ တည်သည်၊ တည်လျက်
နေသည်၊ ဘုရားသခင်၏ ကတိတော်၌ တည်၏။

ကတိတော်မြတ်၌ တည်လျက် ယခုငါသည် အသွေးတော်ဖြင့် သန့်ရှင်း
ခြင်းသို့ ရောက်လေပြီ၊ ငါ့လွှတ်တော်မူသော လွှတ်ခြင်း အခွင့်၌လည်း၊
ကတိတော်မြတ် အားဖြင့် တည်ပါသည်။ တည်လျက်နေ
သည် ကယ်တင်ရှင် သခင်၏ ကတိမြတ်၌ တည်သည်၊ တည်လျက်
နေသည်၊ ဘုရားသခင်၏ ကတိတော်၌ တည်၏။

ငါသခင်ဘုရား၏ ကတိ၌ တည်သည်၊ မေတ္တာကြိုးဖြင့်  မြဲမြံ
ချည်နှောင်တော်မူ၏၊ ဝိညာဉ်တော်၏ ဓါးဖြင့် မာရ်နတ် ရှုံးစေမည်၊
ကတိတော်မြတ်၌ တည်နေပါသည်။ တည်လျက်နေ
သည် ကယ်တင်ရှင် သခင်၏ ကတိမြတ်၌ တည်သည်၊ တည်လျက်
နေသည်၊ ဘုရားသခင်၏ ကတိတော်၌ တည်၏။



↑ မာတိကာ Table of contents

# ၃၇၉။ သာ၍မြင့်သောကုန်းပေါ်မှာကျူး

## Higher Ground

ဆာ ၂၄း၃-၅

ကောင်းကင်လမ်းကို ကြိုးစားတက်မည်။ နေ့စဉ်တိုး၍ အထက်ရောက်သည်။
ကုန်းမြင့်ပေါ်မှာ ခြေလှမ်းဖို့ရာ၊ နေ့စဉ်ပြုမည် ဆုပဌနာ။
ယုံကြည်ခြင်းဖြင့် ကုန်းမြင့်ပေါ်မှာ ရပ်နေဖို့ရာ ကူတော်မူပါ၊
သာ၍မြင့်ရာ ကုန်းမြင့်ပေါ်မှာ ခြေလှမ်းစိမ့်ငှာ၊ မ တော်မူပါ။

ယုံမှားခြင်းနှင့် ကြောက်ရွံ့ခြင်းများ၊ ရှိရာရပ်မှာ မနေချင်ပါ၊
အခြားသူများ နေချင်သော်လည်း၊ ကုန်းမြင့်မှာသာ ကျွန်ုပ်နေမည်။
ယုံကြည်ခြင်းဖြင့် ကုန်းမြင့်ပေါ်မှာ ရပ်နေဖို့ရာ ကူတော်မူပါ၊
သာ၍မြင့်ရာ ကုန်းမြင့်ပေါ်မှာ ခြေလှမ်းစိမ့်ငှာ၊ မ တော်မူပါ။

မာရ်နတ်ဆိုးသည် တိုက်ခိုက်သော်လည်း၊ ထက်ရပ်မှာသာ နေချင်လှသည်၊
ကုန်းမြင့်ပေါ်က သီချင်းသံများ၊ ယုံကြည်ခြင်းဖြင့် ကျွန်ုပ်ကြားရ။
ယုံကြည်ခြင်းဖြင့် ကုန်းမြင့်ပေါ်မှာ ရပ်နေဖို့ရာ ကူတော်မူပါ၊
သာ၍မြင့်ရာ ကုန်းမြင့်ပေါ်မှာ ခြေလှမ်းစိမ့်ငှာ၊ မ တော်မူပါ။

ဢ

# ၃၅၇။ ကောက်လှိုင်းများကိုဆောင်ယူခြင်းကျူး
## Sowing in the morning, sowing seeds of kindness

ဆာ ၁၂၆း၆

နံနက်မျိုးစေ့ ကြဲလျက်၊ မေတ္တာမျိုးစေ့ ကြဲလေ၊ မွန်းတည့်ချိန်တွင် ကြဲလျက်
ညချိန်တွင် ကြဲပေ၊ အသီးမှည့်ချိန် စောင့်စဉ် ရိတ်ချိန်ကို မျှော်လျက်နေ၊
ငါတို့သည် ရွှင်လန်းစွာ ကောက်လှိုင်းများ ဆောင်ယူ။ ကောက်လှိုင်းများ ဆောင်ယူ။
ကောက်လှိုင်းများ ဆောင်ယူ ငါတို့သည် ရွှင်လန်းစွာ ကောက်လှိုင်းများ ဆောင်ယူ၊
ငါတို့သည် ရွှင်လန်းစွာ ကောက်လှိုင်းများဆောင်ယူ။

နေရောင်ခြည်၌ ကြဲလျက်၊ အရိပ်များတွင် ကြဲလျက်၊ မိုးတိမ်များ မကြောက်ပေ၊
ဆောင်းတွင်းလည်း ရဲပေ၊ များမကြာမီ ရိတ်ချိန် မျိုးစေ့ ကြဲခြင်း ငြိမ်းလေ။
ငါတို့သည် ရွှင်လန်းစွာ ကောက်လှိုင်းများ ဆောင်ယူ။ ကောက်လှိုင်းများ ဆောင်ယူ။
ကောက်လှိုင်းများ ဆောင်ယူ ငါတို့သည် ရွှင်လန်းစွာ ကောက်လှိုင်းများ ဆောင်ယူ၊
ငါတို့သည် ရွှင်လန်းစွာ ကောက်လှိုင်းများဆောင်ယူ။

ချို့သောကောက်လှိုင်း ကျလျက်၊ ငါ့ ဝမ်းနည်းခြင်း ဖြစ်လေ၊ ယေရှုရှင်ဖို့ ဖြစ်လျက်
စဉ်မပြတ် ကြဲနေ၊ ငါတို့ ငိုခြင်းကင်းလျက်၊ ကိုယ်တော်သည် ခေါ်မူပေ၊
ငါတို့သည် ရွှင်လန်းစွာ ကောက်လှိုင်းများ ဆောင်ယူ။ ကောက်လှိုင်းများ ဆောင်ယူ။
ကောက်လှိုင်းများ ဆောင်ယူ ငါတို့သည် ရွှင်လန်းစွာ ကောက်လှိုင်းများ ဆောင်ယူ၊
ငါတို့သည် ရွှင်လန်းစွာ ကောက်လှိုင်းများဆောင်ယူ။

ၜ

# ၃၆၆း တပည့်တော်အချင်းချင်းချစ်ခြင်းကျူး

## Blest be the tie that binds

တပည့်တော် ချစ်ခြင်းသည် ညီအစ်ကို
ချင်း၌တည်။ ဝိညာဉ်သဘော ညီ
ညွတ်အစဉ်၊ ထက်ဘုံ၌ ကဲ့သို့တည်း။

အဘ ပလ္လင်တော်ရှေ့ အလိုများ
လျှောက်နိုင်ပေ၊ ငြိမ်သက်ခြင်းခွင့် အ
စဉ်ရှာတွေ့၊ ဂုဏ်တော်ကို ချီးမွမ်းလေ။

တပည့်တော်တို့သည်ကား ဝန်ချင်းတို့
ကို ဆောင်ရွက်၊ အချင်းချင်းဖို့ ကြိမ်
ဖန်များစွာ၊ ကြင်နာသော မျက်ရည်ထွက်။

ချစ်မိတ်ဆွေနှင့် ကွာလျှင်၊ ဝမ်းနည်းခြင်း
ရှိသော်လည်း နောက်နောင် ပြန်တွေ့မည်
ဟု မျှော်လင့်၊ ထိုကြောင့်နှစ်သိမ့် နိုင်၏။



↑ မာတိကာ Table of contents

* * * This page is intentionally left blank * * *